# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် ၂၀၂၆ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ စနေနေ့ အတွဲ (၆၅)၊ အမှတ်(၂၀၂)


# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA ၊ AA ၊ PLA အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်အချို့အပါအဝင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင် အမျိုးသား ၄၇၀ နှင့် အမျိုးသမီး ၄၇ ဦး၊ ပေါင်း ၅၁၇ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် ဧပြီ ၂၄

**နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည် ဝင်ရောက်လျက်ရှိသည်။ ထို့အတူ တပ်မတော်စစ်ကြောင်းများက တိုင်းဒေသကြီး/ပြည်နယ်များရှိ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် PDF အမည်ခံပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများကို ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်း မရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အမြင်မှန်ရရှိကာ အေးချမ်းစွာ နေထိုင်လိုကြသည့် PDF အမည်ခံ

*စာမျက်နှာ ၁၂ ကော်လံ ၁* ❐



နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA ၊ AA ၊ PLA အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်အချို့အပါအဝင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင် အမျိုးသား ၄၇၀ နှင့် အမျိုးသမီး ၄၇ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်စဉ်။

## ယနေ့ ဖတ်စရာ


အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်း စီမံကိန်း(ပထမအဆင့်) စီမံကိန်းဖွင့်ပွဲကျင်းပ — ပြည်တွင်းသတင်း ➢ စာ - ၃

ဒေသတွင်း ကုန်းတွင်းကုန်သွယ်ရေးလမ်းကြောင်း၌ တိုးတက်ပါဝင်ချိတ်ဆက်နိုင်ပါက ကုန်သွယ်မှုအပြင် ပြည်သူချင်းဆက်ဆံရေးပါ တိုးမြှင့်တည်ဆောက်နိုင်မည် — ဆောင်းပါး ➢ စာ - ၆

နို့တစ်ခွက်ရဲ့နောက်ကွယ်က နို့စားနွားမွေးမြူရေး — ဆောင်းပါး ➢ စာ - ၁၀

အစ္စရေး-လက်ဘနွန် အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးရန် သဘောတူ — နိုင်ငံတကာသတင်း ➢ စာ - ၁၄


**အမြင့်ဆုံး နေ့အပူချိန်များ (၂၄ - ၄ - ၂၀၂၆)**

| | | |
|---|---|---|
| ချောက်မြို့ | ၄၄ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၄၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၄၃ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာမြို့ | ၄၃ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေးမြို့ | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် (လွန်ကျော်) | ၄၂ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၄၂ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကျည်တောင်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံသည်။ **(ယာပုံ)**

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ယခုလို ဇေယျာသီရိမြို့နယ် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံခွင့်ရသည့်အတွက် လွန်စွာ ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့် ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့်အတိုင်း မဲဆန္ဒရှင် ပြည်သူများ၏ ဆန္ဒများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ယခု တွေ့ဆုံပွဲတွင်လည်း ဒေသခံမဲဆန္ဒရှင် ပြည်သူများ၏ ဆန္ဒနှင့်အသံကို နားထောင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရက်ပေါင်း (၁၀၀) အတွင်း ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အစိုးရ၊ လွှတ်တော်၊ ပါတီ၊ ပြည်သူနှင့်အတူ တစ်စည်းတစ်လုံးတည်း ဒေသကောင်းကျိုးများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးကိစ္စများကိုလည်း စည်းစည်းလုံးလုံးသစ္စာရှိရှိ ဆက်လက် ဆောင်ရွက်သွားရန်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံမဲဆန္ဒရှင်ပြည်သူများက သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ လမ်းတံတားဆိုင်ရာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိမဲဆန္ဒနယ်မြေအတွင်း တည်ငြိမ်အေးချမ်းစေရေးအတွက် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားပြီး ဒေသခံမဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်း စီမံကိန်း(ပထမအဆင့်) စီမံကိန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် "အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်း စီမံကိန်း(ပထမအဆင့်)" ၏ စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။



အခမ်းအနားသို့သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးနှင့် ဦးခင်လတ်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မဲခေါင် – လန်ချန်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စွမ်းဆောင်ရည်မြှင့်တင်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက "အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်း စီမံကိန်း(ပထမအဆင့်)" သည် မြန်မာနိုင်ငံမှ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၅) ဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန်၊ လေထု၊ ရေထု၊ မြေထု အရည်အသွေးများကို ဆန်းစစ် အကဲဖြတ်နိုင်ရန်၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန်နှင့် အမျိုးသားပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်နိုင်ရေး အခြေခံအချက်အလက်များ စုဆောင်းနိုင်ရန်ရည်ရွယ်ပြီး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**များစွာအထောက်အကူပြု**

ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် အခြေအနေအဖြစ် ထိန်းသိမ်းနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက် အထောက်အထားများအပေါ် အခြေခံပြီး စနစ်တကျ လေ့လာဆန်းစစ်နိုင်ရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ရန် မဖြစ်မနေလိုအပ်ကြောင်း၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်း စီမံကိန်းသည် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စီမံကိန်း၏ ဒုတိယအဆင့်နှင့် တတိယအဆင့်များကိုလည်း သတ်မှတ်ကာလများ အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီထောက်ပံ့ပေးခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Minister Counsellor Dr. Zheng Znhongr (ဒေါက်တာကျန့်ကျစ်ဟုန်) နှင့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က အမှာစကား ပြောကြားကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး

**နေပြည်တော် ဧပြီ ၂၄**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# တပ်မတော်သားတို့သည် နိုင်ငံတော်အတွက် အသက်ကိုပင် စွန့်လွှတ်မည်ဟု ကတိသစ္စာပြုထားသူများဖြစ် နိုင်ငံတော်အတွက် သစ္စာရှိစွာ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်သောသူများကိုလည်း ချီးမြှောက်မှုများ ပြုလုပ်ပေးလျက်ရှိ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၄**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ၍အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်သားများသည် နိုင်ငံတော်ကိုချစ်သောစိတ်၊ တိုင်းပြည်ကို ချစ်သောစိတ်တို့ဖြင့် မိမိဆန္ဒအလျောက် စွန့်လွှတ်စွန့်စားစွာ တာဝန် ထမ်းဆောင်နေသူများ ဖြစ်ကြောင်း၊ အလားတူ တပ်မတော်သားများ၏ ဇနီးများသည်လည်း ကောင်းတူဆိုးဖက် တာဝန်ကျရာနေရာတွင် ပါရမီဖြည့်ဖက်ကောင်းများအဖြစ် လိုက်ပါနေထိုင်၍ တပ်ရေးတပ်ရာကိစ္စရပ်များတွင် ပူးပေါင်းပါဝင်လုပ်ကိုင်လျက်ရှိကြကြောင်း၊ ထို့အပြင် တပ်မတော်သည် ရဲဘော်စိတ်ကို အခြေခံ၍ တည်ဆောက်ထားကာ အထက်အောက် လေးစားသော စိတ်ဓာတ်၊ ရွယ်တူကိုလေးစားသောစိတ်ဓာတ်၊ ငယ်သူကို ညှာတာသော စိတ်ဓာတ်ရှိသည့် ခိုင်မာသော အဖွဲ့အစည်းဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီမှ အဖွဲ့၊ တပ်စိတ်၊ တပ်စုအဆင့်ဆင့်သည် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ရည်မှန်းချက် တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

တပ်မတော်သားများအတွက် စောင့်ထိန်း လိုက်နာရမည့် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ကျင့်ဝတ်များကို လိုက်နာခြင်းဖြင့် အထက်အောက် ဆက်ဆံရေး၊ လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေး၊ ပြည်သူလူထုနှင့် ဆက်ဆံရေးများတွင် အဆင်ပြေနိုင်မည်ဖြစ်၍ ကျင့်ဝတ်အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းလိုက်နာရန် လိုအပ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ အသက်သွေးကြောဖြစ်၍ စည်းကမ်းနှင့်ပတ်သက်၍ အလျှော့ပေး၍မရကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်မှုမှ စားသောက်နေထိုင် သွားလာမှုများအထိ ထောင့်စုံအောင် သတ်မှတ်ထားသည့် စည်းကမ်းများရှိပြီး အိမ်ထောင်သည်လိုင်းစည်းကမ်း၊ တပ်ပြင်ထွက်ခွင့်စည်းကမ်း စသဖြင့် သတ်မှတ်ထားကာ လိုက်နာကြရန်လိုကြောင်း၊ စည်းကမ်း ချိုးဖောက်မှုများနှင့် ပတ်သက်၍ လျစ်လျူရှု၍မရကြောင်း၊ အိမ်ထောင်တစ်ခု၊ အဖွဲ့အစည်းတစ်ခုအတွင်း စည်းကမ်းချိုးဖောက်မှုကို လျစ်လျူရှုခြင်းသည် ၎င်းအိမ်ထောင်နှင့် အဖွဲ့အစည်းအတွင်း ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်ပေါ်စေကြောင်း၊ တာဝန်ရှိသူများ၏ ဘာသာသိ ဘာသာနေမှုသည် အဖွဲ့အစည်းကို ထိခိုက်စေသည်သာမက ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေနိုင်သဖြင့် စည်းကမ်းနှင့်အညီ ပြုပြင်ဆုံးမရန်လိုကြောင်း၊ သို့ဖြစ်၍ စည်းကမ်းနှင့်ပတ်သက်လာပါက အမိအဖစိတ်ဓာတ်၊ တပ်မှူးကောင်းစိတ်ဓာတ်တို့ဖြင့် မပြတ်သွန်သင်ဆုံးမခြင်းဖြင့် မကောင်းမှုကို တားမြစ်နိုင်ပြီး စည်းကမ်းကောင်းသောတပ်မတော်အဖြစ် အစဉ်ရပ်တည်နိုင်မည်ဖြစ်ကြောင်း။

အထက်ပါ စိတ်ဓာတ်နှင့် စည်းကမ်းကဲ့သို့ အရေးကြီးသော အချက်မှာ သစ္စာရှိမှုပင်ဖြစ်ကြောင်း၊ သစ္စာရှိမှုသည် တပ်မတော်သားတိုင်း အတွက် ဘဝနှင့်သက်ဆိုင်၍ လေးနက်မှုရှိကြောင်း၊ တပ်မတော်သားတို့သည် နိုင်ငံတော်အတွက် အသက်ကိုပင် စွန့်လွှတ်မည်ဟု ကတိသစ္စာပြုထားသူများဖြစ်ကြကြောင်း၊ နိုင်ငံတော်အတွက် သစ္စာရှိစွာ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်သောသူများကိုလည်း ချီးမြှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ သစ္စာရှိမှုဆိုရာတွင်လည်း နိုင်ငံတော်နှင့် တပ်မတော်အပြင် မိမိရဲဘော် ရဲဘက်နှင့် မိသားစုများအပေါ် သစ္စာရှိစွာ အမြဲစောင့်ထိန်းနေရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ သစ္စာရှိစွာလိုက်နာကျင့်ကြံမှုမှ အဖွဲ့အစည်းအပေါ်သက်ရောက်မှုရှိပြီး စည်းလုံးညီညွတ်မှုကိုလည်း တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှုကို အခြေခံ၍ တော်တည့်မှန်ကန်သော ခေါင်းဆောင်မှုပေးခြင်းဖြင့် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ တပ်မှူးလုပ်သူသည် မှန်ကန်သော အမိန့်ကိုပေးရန်လိုပြီး ၎င်းအမိန့်ကို လိုက်ပါဆောင်ရွက်နိုင်ရန်လည်း လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ ကောင်းမွန်သောခေါင်းဆောင်မှုနှင့် စည်းလုံးညီညွတ်မှုရှိသော တပ်ရင်း/တပ်ဖွဲ့သည် မည်သည့်ကိစ္စကိုမဆို အောင်မြင်အောင် လုပ်ဆောင်နိုင်ကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးခြင်းဟူသော အချက် ၄ ချက်နှင့်ပြည့်စုံခြင်းဖြင့် စွမ်းရည်သုံးရပ် ပြည့်စုံနိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည် သုံးရပ်တွင်လည်း တပ်ရင်း/တပ်ဖွဲ့ တိုင်းသည် စစ်ရေးစွမ်းရည်ပြည့်ဝနေရန် အမြဲလေ့ကျင့်နေကြရန်လိုကြောင်း။

လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုသည် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ ကျန်းမာရေးကြောင့် မလိုလားအပ်သော ပြုန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိပြီး တပ်မတော်အတွက် ဆုံးရှုံးမှုများ ဖြစ်ပေါ်သကဲ့သို့ မိသားစုများအတွက်လည်း ဝန်ထုပ်ဝန်ပိုး ဖြစ်စေကြောင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် ဘာသာရေးတို့သည် မိမိကိုယ်တိုင် ကြိုးစားလုပ်ယူရသော ကိစ္စရပ်များဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးကို ကိုယ်စီဂရုစိုက်ကြရန်နှင့် ကျန်းမာရေး ထိခိုက်စေသည့် အပျော်အပါးများကို ရှောင်ကြဉ်ရန် မှာကြားလိုကြောင်း။

ပညာရေးနှင့် ပတ်သက်၍ တပ်မတော်သားများ၏ သား/သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံးတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မည် ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် တပ်မတော်နှင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

တပ်မတော်သား များနှင့် မိသားစုဝင်များအနေဖြင့် ဗဟုသုတရစေသည့် ပြင်ပစာပေများကို ဖတ်ရှုလေ့လာရန်လိုကြောင်း၊ တပ်မတော်မှ ထုတ်ဝေဖြန့်ချိလျက်ရှိသော မဂ္ဂဇင်း၊ ဂျာနယ်များနှင့် သတင်းစာများကို အချိန်မီရရှိအောင် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ မူးယစ်ဆေးဝါး ကိစ္စများနှင့် ပတ်သက်၍သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းလုံးဝ မပြုလုပ်ရန်နှင့် မိသားစုဝင်များပါ ကင်းကင်းရှင်းရှင်းရှိစေရေး ကြပ်မတ် သွန်သင်နေရန်လိုကြောင်း၊ အလားတူ လောင်းကစားခြင်းသည်လည်း ဆိုးရွားသော အကျိုးဆက်များကို ဖြစ်ပေါ်စေ၍ မိသားစုနှင့် လုပ်ငန်းတာဝန်များကိုပါ ထိခိုက်စေနိုင်ကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့်ပတ်သက်၍လည်း အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သဘောထား၍ သတင်းရရှိသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာ တာဝန်ရှိသူများထံ အချိန်မီ သတင်းပို့ တားဆီးနိုင်ရန်လိုကြောင်း။

တပ်မတော် အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် လိုအပ်ချက်များကို အမြဲမပြတ် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ မိသားစုဝင်များအနေဖြင့်လည်း တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှု ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း။

မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်ဒေသတို့သည် တိုင်းရင်းသားပြည်သူလူထုအများစု နေထိုင်ရာနယ်မြေများဖြစ်၍ ဒေသခံတိုင်းရင်းသားများနှင့် ထိတွေ့ဆက်ဆံရာတွင် တပ်မတော်သားပီသစွာ ကျင့်ဝတ်နှင့်အညီ ပြုမူပြောဆိုရန်နှင့် ဒေသအလိုက် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာခဲ့ပါကလည်း အထက်အမိန့်မစောင့်ဘဲ ထိရောက်သောကူညီမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်လေးစားမှုကိုရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏လိုအပ်ချက်များကိုမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲ အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုင်းဖြတ် တပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို တပ်နယ်မှူးထံ ပေးအပ်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး



## အားပေးစကားပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး သည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်များသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးလိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဇနီး ဒေါ်နီလာ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား အားပေးစကား ပြောကြားစဉ်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ရွှေစက်ရပ်ကွက်အတွင်း ရေနုတ်မြောင်း စနစ်တကျဖောက်လုပ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဧပြီ ၂၄**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်သို့ သွားရောက်၍ ရပ်ကွက်တွင်းလမ်းများ အဆင့်မြှင့်တင်ထားရှိမှုနှင့် လမ်းဘေးဝဲ/ယာရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က နယ်မြေ (၈)အတွင်း ကရိန်နေဒ် သွား လမ်းမကြီးဘေးလမ်းသွယ်၌ လမ်းအဆင့်မြှင့်တင်ထားရှိမှုနှင့် လမ်းနှင့်အတူ ရေနုတ်မြောင်းတူးဖော်ထားရှိမှုအပေါ် စနစ်တကျဆောင်ရွက်ပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း စစ်ဆေးတွက်ချက်ပြီး နီးစပ်ရာဘတ်ဂျက်နှစ်တွင် ထည့်သွင်းလျာထားတင်ပြနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဆွမ်ပရာဘွမ် လမ်းမဘေးရှိ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ယခင် ပညာသင်နှစ်အတွင်း ယာယီတိမ်းရှောင်မိသားစုများ၏ကလေးငယ်များ ကျောင်းအပ်လက်ခံမှုကြောင့် ယာယီတိုးချဲ့ စာသင်ဆောင်သစ် ဆောက်လုပ်ထားရှိမှုအပေါ် ယခုနှစ် ကျောင်းဖွင့်ချိန်တွင် ပြန်လည်ပြင်ဆင်ပေးနိုင်ရေး၊ ခြံစည်းရိုးနှင့် နှစ်ထပ်ကျောင်းဆောင်သစ်အတွက် ပညာရေးဝန်ကြီးဌာနက ချပေးထားသည့် အစီအစဉ်များကို ရပ်မိရပ်ဖများနှင့် ကျောင်းအုပ်ကြီးတို့အား ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ လောကမာရ်အောင် ဆုတောင်းပြည့်စေတီတော်၌ နှစ်စဉ်ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့က ဦးစီးကျင်းပသည့် ပဉ္စမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းမြတ်ဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လူမှုရေးရာဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ ကြွရောက်တော်မူလာကြသည့် ဆရာတော်များ ဦးဆောင်လျက် ပဋ္ဌာန်းပစ္စယုဒ္ဒေသကို အတူတကွ ရွတ်ဖတ်ပူဇော်၍ အလှည့်ကျ ဘာဏက သံဃာတော်များက ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်များကို ဆက်လက်ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ အုပ်စုအတွင်းရှိ ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC)ပိုင် ဖွံ့ဖြိုးရေးခြံဝင်းအတွင်း နယ်မြေအခြေအနေအရ နေရပ်စွန့်ခွာ ပြည်သူများအား IDPs စခန်း ဖွင့်လှစ်၍ ခိုလှုံနေထိုင်ခွင့်ပေးခဲ့ရာမှ စခန်းအား ပိတ်သိမ်းပြီး အိမ်ထောင်စုများအား ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် မြေယာအလှူရှင် ဦးတင်မြင့်ခြံဝင်းအတွင်း ပြောင်းရွှေ့နေရာချထားပေးခဲ့သဖြင့် စခန်းပိတ်သိမ်းခြင်း ကျေးဇူးတော်ချီးမွမ်းဆုတောင်းပွဲသို့ ပါဝင်တက်ရောက်ကြသည်။

ဆုတောင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်အနေဖြင့် မိသားစုများအား နှစ်ကာလအားဖြင့် ၁၅ နှစ်ခန့် စခန်းဖွင့်လှစ်၍ နေထိုင်ခွင့်ပေးခဲ့ခြင်းအပေါ် မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် မိသားစုများအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့စီစဉ်သည့် မြေယာပေါ်တွင် နေထိုင်မည့် မိသားစုများနှင့် နောင်းချိန်ကျေးရွာ၊ ဆွေမျိုးနေအိမ်များတွင် ရွှေ့ပြောင်းနေထိုင်ကြမည်ဖြစ်သဖြင့် အဆင်ပြေစေရေး အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားပြီး ပြောင်းရွှေ့နေထိုင်ကြမည့် အိမ်ထောင်စုများအတွက် ငွေကျပ်သိန်း ၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ဒေသတွင်း ကုန်းတွင်းကုန်သွယ်ရေးလမ်းကြောင်း၌ တိုးတက်ပါဝင်ချိတ်ဆက်နိုင်ပါက ကုန်သွယ်မှုအပြင် ပြည်သူချင်းဆက်ဆံရေးပါ တိုးမြှင့်တည်ဆောက်နိုင်မည်

ခင်ရတနာ

ပြီးခဲ့တဲ့နှစ်လယ်ပိုင်း ဆောင်းဦးရာသီမှာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နဲ့ ဗီယက်နမ်နိုင်ငံတို့ နယ်နိမိတ်ထိစပ်နေတဲ့ ဒေသကို လေ့လာခွင့်ရခဲ့ပါတယ်။ နယ်စပ်ဆိုတဲ့ အတိုင်း တစ်ဖက်က ဗီယက်နမ်နယ်နိမိတ်စည်းရိုးနဲ့ တရုတ်နယ်နိမိတ်တံတိုင်းတွေဟာ ဆောင်းဦးမှာကျရောက်တဲ့ နှင်းမြူတွေအကြား ငွားငွားစွင့်စွင့် တည်ရှိနေတာပေ့ါ။ နှစ်နိုင်ငံကို ခြားနားထားတဲ့ ယွမ်မြစ်(ဗီယက်နမ်အခေါ် ဟောင်မြစ်)က အားမာန်အပြည့်နဲ့ စီးဆင်းနေပါတယ်။ မြစ်အပေါ်မှာတော့ နှစ်နိုင်ငံ နယ်စပ်ဂိတ်တည်ရှိပါတယ်။

နယ်စပ်ဂိတ်ကို မရောက်ခင် ကုန်သွယ်ရေးစခန်းကို ဖြတ်သန်းသွားရပြီး အဲဒီမှာတော့ များပြားလှတဲ့ ကုန်တင်ကားတွေက တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံကို ဖြတ်သန်း သယ်ယူပို့ဆောင်ဖို့အတွက် ပြင်ဆင်နေကြတာတွေ့ရတယ်။ ကားလမ်းနဲ့ သိပ်မကွာလှတဲ့ နေရာတစ်လျှောက်မှာ ရထားလမ်းအချို့နဲ့ ကုန်တင်ရထားအချို့ ခုတ်မောင်းသွားတာကိုလည်း သတိပြုမိပါတယ်။ ပုံမှန်ကုန်သွယ်ရေး တည်ငြိမ်စွာ တိုးတက်နေတဲ့ တရုတ်– ဗီယက်နမ် ကုန်သွယ်မှု တစ်စွန်းတစ်စကို မြင်တွေ့ခွင့်ရတဲ့အခါ မိမိတို့နိုင်ငံအတွက်လည်း ဖြန့်ကြက်အတွေးစတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

ယူနန်ပြည်နယ်ကနေ ခေတ္တနေထိုင်ရာပေကျင်းကို အပြန်ခရီး ကျည်ဆန်ရထားစီးနင်းရင်း တရုတ်နိုင်ငံနဲ့ အိမ်နီးချင်းဖြစ်တဲ့ မြန်မာ၊ လာအို၊ ဗီယက်နမ်တို့အကြားမှာ ဖွံ့ဖြိုးလာနေတဲ့ ကုန်းတွင်းကုန်သွယ်ရေးလမ်းကြောင်းတွေအကြောင်းကို ဆက်စပ်အတွေးနယ်ချဲ့နေမိတယ်။ ကုန်းတွင်းဆိပ်ကမ်းတွေနဲ့ ရထား–ကားပေါင်းစပ် Logistics စနစ် အတော်များများ တရုတ်နိုင်ငံကို ရောက်ရှိခဲ့စဉ် လေးလခွဲအတွင်းမှာ အတော်လေး လေ့လာခွင့်ရခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ အာဆီယံနဲ့ ကုန်သွယ်မှုအနေနဲ့ ၂၀၂၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၉၀၀ ကျော်ရှိခဲ့ပြီး ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုဟာ အရှိန်အဟုန်နဲ့ မြင့်မားနေတာကိုလည်း သိရှိခဲ့ပါတယ်။

**“အရှေ့တောင်အာရှက အရင်က ပင်လယ်ဆိပ်ကမ်းအခြေခံကုန်သွယ်ရေးကို အဓိကထားပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာ ကုန်းတွင်းလမ်းကြောင်းတွေကလည်း အရေးပါတဲ့ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ဖြစ်လာခဲ့ပါပြီ။ တရုတ်နိုင်ငံရဲ့ Belt and Road Initiative ကြောင့် လာအို၊ ဗီယက်နမ်နဲ့ မြန်မာတို့ကလည်း Regional Logistics Network ထဲကို တဖြည်းဖြည်း ဝင်ရောက်လာခဲ့ပါတယ်။ လာအိုနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ အကောင်အထည်ပေါ်နေပေမယ့် မြန်မာနိုင်ငံကတော့ မကြာမီကျယ်ကျယ်ပြန့်ပြန့် စတင်နိုင်မယ်လို့ သုံးသပ်ရပါတယ်”**ဟု တရုတ်နိုင်ငံ အခြေစိုက် BEIBU GULF Port Group ရဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားပါတယ်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နဲ့ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကို သွားရောက်လေ့လာခွင့်ရခဲ့စဉ်မှာ ကုန်းတွင်းဆိပ်ကမ်း (Dry Ports) တွေကို အများအပြား တွေ့မြင်ခဲ့ရသလို ဒါတွေဟာ နယ်စပ်ကုန်သွယ်ရေးအတွက် အထူးအရေးပါတဲ့ ကဏ္ဍတစ်ခုအဖြစ် ဦးစားပေးအဆင့်မြှင့်တင်ကြောင်းကိုလည်း ပြည်နယ်တာဝန်ရှိသူတွေထံက သိရှိရပါတယ်။ **“ကွမ်ရှီးက စိုက်ပျိုးရေးကို အခြေခံတဲ့ဒေသပေ့ါ။ အချို့နေရာတွေမှာ သကြားအခြေခံ ကြံစိုက်ခင်းတွေ အများအပြားရှိတယ်။ ထုတ်ကုန်ရှိတဲ့နေရာမှာ ကျွန်တော်တို့က တန်ဖိုးမြှင့်စက်ရုံတွေ တည်ဆောက်ဖို့ တွန်းအားပေးသလို တစ်ဖက်မှာလည်း ထုတ်ကုန်တွေကို သယ်ယူပို့ဆောင်ပေးနိုင်တဲ့ စနစ်ကောင်းရှိဖို့ ဖန်တီးပေးရပါတယ်။ ကုန်းတွင်းဆိပ်ကမ်းတွေရဲ့ အားသာချက်က ကား၊ ရထား၊ သင်္ဘော ပေါင်းစပ်ထားတဲ့ စနစ်ဖြစ်လို့ အတော်လေးအဆင်ပြေလွယ်ကူလာခဲ့ပါတယ်။ ဒါကြောင့် ကုန်းတွင်းဆိပ်ကမ်းတွေကို အဆင့်မြှင့်တင်ပေးထားခြင်းဖြစ်တယ်”**ဟု ကွမ်ရှီးပြည်နယ်က ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ရှင်းပြပါတယ်။

> ❖ **လာအိုနိုင်ငံလို ပင်လယ်ဆိပ်ကမ်းမရှိတဲ့ နိုင်ငံမျိုးမှာတောင် ကုန်တင်ရထားပို့ဆောင်ရေးကနေ ပို့ကုန်ကဏ္ဍကို မြှင့်တင်နိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံဟာလည်း ကုန်းတွင်းသယ်ယူပို့ဆောင်ရေး တွင်ကျယ်လာတာနဲ့အမျှ နိုင်ငံရဲ့ ဂျီဒီပီကို များစွာမြင့်မားစေခဲ့တာတွေကိုလည်း သတိပြုဖို့လိုအပ်တယ်လို့ ယူဆမိပါတယ်။ ထို့အတူ ကုန်းတွင်းရထားဆိုက်ကပ်ရာ မြို့တွေဟာ စီးပွားရေးမြို့တွေအဖြစ် ဖွံ့ဖြိုးမှုပြောင်းလဲလာနိုင်တာကြောင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကိုလည်း အလိုအလျောက် တွန်းအားပေးတဲ့ အခြေအနေတစ်ရပ် ဖြစ်လာနိုင်ပါတယ်။ ကုန်ပစ္စည်းတွေ စုစည်းရာအချက်အချာဖြစ်လာတာနဲ့အမျှ ဒေသဖွံ့ဖြိုးတိုးတက်မှုကနေ စက်မှုဇုန်တွေအဖြစ် တိုးတက်ပြောင်းလဲလာတာကို တရုတ်နိုင်ငံရဲ့ ဒေသအများအပြားမှာ မြင်တွေ့ခဲ့ရပါတယ်။ အဲဒီအခါ သယ်ယူပို့ဆောင်ရေးစရိတ်ကို လျှော့ချပေးနိုင်ပြီး ကုန်ပစ္စည်းဖြန့်ဖြူးမှုစနစ်ကိုပါ ပိုမိုထိရောက်လာစေတာဖြစ်**

လေ့လာမိသလောက် တရုတ်–လာအို ရထားလမ်းကို ၂၀၂၁ ခုနှစ်ကတည်းက စတင်လည်ပတ်ပြေးဆွဲခဲ့တာဖြစ်ပြီး လွန်ခဲ့တဲ့ သုံးနှစ်လောက်မှာ ရထားလမ်းကို နေ့စဉ် စီးနင်းသူအရေအတွက် တရုတ်နိုင်ငံဘက်မှာတင် ၆၅၀၀၀ ခန့်နဲ့ လာအိုနိုင်ငံဘက်မှာ ၈၀၀၀ ကျော် ရှိတယ်လို့ မှတ်သားခဲ့ဖူးပါတယ်။ ၂၀၂၄ ခုနှစ်မှာ တရုတ်–လာအို ရထားလမ်းကနေ ကုန်တန်ချိန် သန်း ၃၀ ကျော် သယ်ဆောင်နိုင်ခဲ့တယ်လို့ သိရှိရပြီး ယနေ့အချိန်မှာတော့ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အရေးကြီးတဲ့ လမ်းကြောင်းတစ်ခုအဖြစ် ရပ်တည်နေခဲ့ပြီဖြစ်ပါတယ်။

နေ့စဉ် တရုတ်နိုင်ငံကဘက်က စက်ပစ္စည်း၊ ဓာတ်မြေဩဇာနဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေ အများဆုံးတင်ပို့ပြီး လာအိုနိုင်ငံဘက်က သစ်သီးဝလံ၊ ရော်ဘာနဲ့ သစ်တောထွက်ပစ္စည်းတွေ အများဆုံးတင်ပို့ပါတယ်။ ထို့အတူ တရုတ်–ဗီယက်နမ် ရထားလမ်းကနေ အထည်ချုပ်၊ သစ်သီးဝလံနဲ့ စားသောက်ကုန်များတင်ပို့ပြီး တရုတ်နိုင်ငံဘက်က အီလက်ထရွန်နစ်နဲ့ နည်းပညာမြင့်ပစ္စည်းတွေ တင်ပို့မှုကလည်း အလွန်များပြားပါတယ်။ ဒါကြောင့် ဗီယက်နမ်နိုင်ငံရဲ့ ပို့ကုန်က နိုင်ငံဂျီဒီပီရဲ့ ၇၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့သုံးနှစ်က အစီရင်ခံစာအရ တရုတ်နိုင်ငံတစ်နိုင်ငံလုံးမှာ နိုင်ငံတကာကုန်စည်ပို့ဆောင်ရေး ရထားပြေးဆွဲမှု အကြိမ်ရေ ၇၀၀၀ နီးပါးရှိခဲ့ပြီး နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်မှုပမာဏ တန်ချိန် ၅ ဒသမ ၅၅ သန်းကျော် ရှိခဲ့ပါတယ်။ အထူးသဖြင့် ယူနန်ပြည်နယ်မှာရှိတဲ့ နိုင်ငံတကာကုန်စည်ပို့ဆောင်ရေး ရထားပြေးဆွဲမှုအကြိမ်ရေနဲ့ ကုန်စည်ပို့ဆောင်မှုပမာဏက တစ်နိုင်ငံလုံး စုစုပေါင်းရဲ့ ၇၀ ကနေ ၉၀ ရာခိုင်နှုန်းကျော်အသီးသီး ရှိခဲ့ပါတယ်။

နယ်စပ်ဖြတ်ကျော်ရထားလမ်းဟာ သာမန်ကုန်းလမ်းပို့ဆောင်ရေးလမ်းကြောင်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ပိုမိုအဆင်ပြေထိရောက်မှုရှိတယ်လို့ သိရပါတယ်။ ဥပမာအားဖြင့် တရုတ်နိုင်ငံ ကူမင်းမြို့ကနေ ထွက်ခွာတဲ့ ကုန်စည်ရထားဟာ ဗီယင်ကျန်းမြို့အထိ အရောက် ၂၆ နာရီသာကြာမြင့်ပြီး ကုန်းလမ်းက ကားနဲ့ သယ်ယူပို့ဆောင်တာထက် နှစ်ရက်ကနေ သုံးရက်အထိ သက်သာစေလို့ ကုန်ကျစရိတ်များစွာ လျှော့နည်းသက်သာစေပါတယ်။ တရုတ်နိုင်ငံက နိုင်ငံတကာနဲ့ ချိတ်ဆက်တဲ့ နိုင်ငံတကာရထားလမ်းတွေဖြစ်တဲ့ ရှန်ဟိုင်း–ယူနန်–လန်ချန်း–မဲခေါင်လမ်းနဲ့ တရုတ်–လာအို အအေးခန်းကုန်တွဲအထူးရထားလမ်းတွေဟာ ဒေသတွင်းပို့ဆောင်ရေးကို သိသိသာသာမြှင့်တင်ပေးနိုင်ခဲ့သလို တရုတ်နဲ့ အရှေ့တောင်အာရှနိုင်ငံတွေအကြား ကုန်းလမ်းကနေ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး အဓိကလမ်းကြောင်းတွေအဖြစ် အရေးပါလာခဲ့ပါတယ်။

မိမိတို့နိုင်ငံမှာ MSME ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်အစိုးရက တွန်းအားပေးလုပ်ဆောင်လျက်ရှိသလို နိုင်ငံရဲ့အဓိက စီးပွားရေးဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ဖို့လည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပကို တင်ပို့ရာမှာ သဘာဝထုတ်ကုန်တွေကို တင်ပို့ရာကနေ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့လို တန်ဖိုးမြှင့်ထုတ်ကုန်တွေရဲ့ ထုတ်လုပ်မှုအချိုး တိုးမြှင့်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာကိုလည်း မြင်တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုတန်ဖိုးဟာ နိုင်ငံတကာသုတေသန အချက်အလက်တွေအရ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကနေ ၆ ဘီလီယံခန့်ရှိပေမယ့် တင်ပို့သမျှရဲ့ ၈၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းက မူရင်းထုတ်ကုန်တွေသာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေကို တန်ဖိုးမြှင့် အစားအစာတွေအဖြစ် ထုတ်လုပ်နိုင်ခဲ့ရင်၊ စနစ်တကျထုပ်ပိုးမှုနဲ့ ပေါင်းစပ်မြှင့်တင်နိုင်မယ်ဆိုရင် သိုလှောင်စဉ်နဲ့ သယ်ယူပို့ဆောင်စဉ်တွေမှာ ဆုံးရှုံးမယ့် လေလွင့်ဆုံးရှုံးမှုတွေကို ၂၀ ကနေ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး ပို့ကုန်အရည်အသွေးတွေလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။ လက်ရှိမှာ ပြည်တွင်းထုတ်ကုန်တွေကို အဆင့်မြှင့်တင်မှုတွေ တွင်တွင်ကျယ်ကျယ် ပြုလုပ်လာကြပေမယ့် ဈေးကွက် ဝေစုရရှိမှုမှာတော့ အားနည်းနေသေးတယ်လို့ ယူဆမိပါတယ်။

**လာအိုနိုင်ငံလို ပင်လယ်ဆိပ်ကမ်းမရှိတဲ့ နိုင်ငံမျိုးမှာတောင် ကုန်တင်ရထားပို့ဆောင်ရေးကနေ ပို့ကုန်ကဏ္ဍကို မြှင့်တင်နိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံဟာလည်း ကုန်းတွင်းသယ်ယူပို့ဆောင်ရေး တွင်ကျယ်လာတာနဲ့အမျှ နိုင်ငံရဲ့ ဂျီဒီပီကို များစွာမြင့်မားစေခဲ့တာတွေကိုလည်း သတိပြုဖို့လိုအပ်တယ်လို့ ယူဆမိပါတယ်။ ထို့အတူ ကုန်းတွင်းရထားဆိုက်ကပ်ရာ မြို့တွေဟာ စီးပွားရေးမြို့တွေအဖြစ် ဖွံ့ဖြိုးမှုပြောင်းလဲလာနိုင်တာကြောင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကိုလည်း အလိုအလျောက်တွန်းအားပေးတဲ့ အခြေအနေတစ်ရပ် ဖြစ်လာနိုင်ပါတယ်။ ကုန်ပစ္စည်းတွေ စုစည်းရာအချက်အချာဖြစ်လာတာနဲ့အမျှ ဒေသဖွံ့ဖြိုးတိုးတက်မှုကနေ စက်မှုဇုန်တွေအဖြစ် တိုးတက်ပြောင်းလဲလာတာကို တရုတ်နိုင်ငံရဲ့ ဒေသအများအပြားမှာ မြင်တွေ့ခဲ့ရပါတယ်။ အဲဒီအခါ သယ်ယူပို့ဆောင်ရေးစရိတ်ကို လျှော့ချပေးနိုင်ပြီး ကုန်ပစ္စည်းဖြန့်ဖြူးမှုစနစ်ကိုပါ ပိုမိုထိရောက်လာစေတာဖြစ်ပါတယ်။**

ကုန်းတွင်းကုန်ရထား သယ်ယူပို့ဆောင်ရေးဟာ ပင်လယ်ရေလမ်းကြောင်းကို မှီခိုမှုလျှော့ချနိုင်တဲ့ အပြင် ဒေသတွင်းပြည်သူတွေအချင်းချင်း ဆက်ဆံရေးကိုလည်း တိုးမြှင့်စေနိုင်ရုံမက ဒေသတွင်း အာဏာသဘောတရားကိုပါ ပြောင်းလဲနိုင်စေပါတယ်။ နိုင်ငံအချင်းချင်း ကုန်သွယ်မှုမြင့်မားလာတာဟာ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှု တိုးမြှင့်လာခြင်း၊ အစိုးရအချင်းချင်း ပိုမိုချိတ်ဆက်ဆောင်ရွက်ရခြင်း စတာတွေကြောင့် စီးပွားရေးအရေးပါရုံသာမက နိုင်ငံရေးအရအရေးပါမှုကိုလည်း တိုးတက်စေနိုင်မှာပါ။

**မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံနိုင်ငံတွေကို ချိတ်ဆက်ပေးနိုင်တဲ့ အလယ်ဗဟိုနေရာမှာ တည်ရှိနေပေမယ့် လက်ရှိမှာတော့ ဒေသတည်ငြိမ်အေးချမ်းမှုလိုအပ်ချက်နဲ့ နိုင်ငံကို ပျက်စီးအောင်ဆွဲချနေကြတဲ့ ပြည်ဖျက်သစ္စာဖောက်တွေရဲ့ အန္တရာယ်ကြောင့် အခြေခံ**

*စာမျက်နှာ ၇ သို့*

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များနှင့် အစိုးရသစ်၏ ရက် ၁၀၀ စီမံကိန်းများအပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ ရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၂၄**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များနှင့် အစိုးရသစ်၏ ရက် ၁၀၀ စီမံကိန်းများအပေါ် ပြည်ထောင်စုရာထူးဝန် အဖွဲ့မှ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရုံးအမှတ် (၁၇) ပြည်ထောင်စု ရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပသည်။

**နိုင်ငံ့အကျိုးကို ရှေးရှု**

ဦးစွာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းတွင် ပါရှိသော လမ်းညွှန်မှာကြားချက်များကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့သည် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အရည်အချင်းပြည့်ဝသော နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာစေရန် စနစ်တကျ ရွေးချယ်ပေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် စံတန်ဖိုးများကို စိမ့်ဝင်စေ၍ ခံယူချက်စိတ်ဓာတ် မြင့်မားစေရန် ဆောင်ရွက်ပေးခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု ကိစ္စများနှင့် ပတ်သက်၍သဘောထားမှတ်ချက် ပြန်ကြားခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရသော နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများသည် နိုင်ငံတည်ရှိသရွေ့ ထာဝရရှိနေရမည် ဖြစ်သည့်အတွက်



ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် မြန်မာနိုင်ငံ ဝန်ထမ်းအဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်းများသည် ကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းများ စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးကို ရှေးရှု၍ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း။

**အသိပညာပေး ဆွေးနွေးပို့ချသွားမည်**

အစိုးရ၏ ရက် ၁၀၀ စီမံကိန်းနှင့်မူဝါဒ၊ ရည်မှန်းချက်များအပေါ် ကဏ္ဍအလိုက်၊ အဆင့်အလိုက် လိုက်ပါ အကောင်အထည်ဖော်ရသော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်းများအား သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုက်ပါတာဝန် ထမ်းဆောင်နိုင်ရေး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် အသိပညာပေးဆွေးနွေးပို့ချသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များရှိ အဆင့်အလိုက် တက်ရောက်ရသော သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများအား အစိုးရသစ်၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့် ကိုက်ညီစေရန် ပြင်ဆင်၍ အစိုးရသစ်၏ ရက် ၁၀၀ စီမံကိန်းနှင့် ပတ်သက်၍ ထဲထဲဝင်ဝင် သိရှိနားလည်ပြီး ပြည်သူ့အကျိုးကို ရှေးရှုသော၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်းများဖြစ်စေရေး ဦးတည်လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

**အဆောက်အအုံလိုအပ်ချက် ကြီးမားနေရဆဲဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်လို စီးပွားရေးအဖွဲ့အစည်းတွေရဲ့ အစီရင်ခံစာတွေအရ သယ်ယူပို့ဆောင်ရေးစရိတ်ဟာ စီးပွားရေးအရွယ်အစားရဲ့ ၂၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ မြင့်မားနေဆဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး အမြန်ဆုံးရရှိအောင် နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းအားထုတ်နေပြီး တစ်ဖက်မှာလည်း အခြေခံအဆောက်အအုံတွေကို ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ဒါပေမယ့် အဖျက်သမားတွေရဲ့ ဖျက်ဆီးမှုကြောင့် မူလရှိနှင့်ပြီးသား ကားလမ်း၊ ရထားလမ်း၊ တံတား၊ ဆက်သွယ်ရေးစနစ်တွေဟာ သမင်မွေးရင်း ကျားစားရင်းဆိုသလို ပြန်လည်ပြင်ဆင်နေရတာဟာ နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့အတွက် အရှိန်တန့်စေတဲ့ အနှောင့်အယှက်အဟန့်အတားတွေပဲဖြစ်ပါတယ်။ ထို့အတူ နယ်မြေမငြိမ်းချမ်းတဲ့အတွက် နယ်စပ်ဂိတ်တွေကနေ ကုန်စည်စီးဆင်းမှုအခက်အခဲက နိုင်ငံနဲ့ပြည်သူကို ပိုပြီးထိခိုက်စေပါတယ်။**

**ကမ္ဘာ့ရေနံဈေးနှုန်း မတည်ငြိမ်မှုတွေကြောင့် ကားနဲ့ သယ်ယူပို့ဆောင်မှုစရိတ်တွေဟာ နိုင်ငံတကာမှာလည်း ၁၅ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ မြင့်တက်လာတယ်လို့ သိရပါတယ်။ ဒါကြောင့် ကမ္ဘာမှာ ကားလမ်းသယ်ယူပို့ဆောင်မှုတွေကို ရထားစနစ်နဲ့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုတွေ အဖြစ် ပြောင်းလဲလာနေကြပြီ ဖြစ်ပါတယ်။ ထို့အတူပဲ ပေါင်းစပ်သယ်ယူပို့ဆောင်ရေးစနစ်ကို ကျင့်သုံးလာကြပြီး ခရီးဝေး၊ ခရီးရှည်တွေကို ရထားနဲ့ သယ်ယူကြပြီး ခရီးတိုတွေကိုတော့ မော်တော်ကားနဲ့ ပေါင်းစပ်ဝန်ဆောင်မှုစနစ်ကို ကျင့်သုံးလာကြတာကို မြင်တွေ့ရပါတယ်။ မိမိတို့နိုင်ငံမှာလည်း ယင်းစနစ်ကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်ကြရမှာပါ။**

လက်ရှိမြန်မာနိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးစနစ်ဟာ ကားအခြေခံဖြစ်ပြီး ရထားအသုံးပြုမှုက ၅ ရာခိုင်နှုန်းကနေ ၇ ရာခိုင်နှုန်းသာ ရှိနေပါသေးတယ်။ ဒါကြောင့် ကွန်တိန်နာရထားစနစ်ကို တိုးချဲ့အသုံးပြုခြင်းကနေ သယ်ယူပို့ဆောင်မှုစရိတ်နဲ့ အချိန်ကို သိသိသာသာ လျှော့ချနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း ကုန်ပစ္စည်းတွေကို ရထားနဲ့ပိုမိုတင်ပို့နိုင်ဖို့အတွက် ကုန်တင်ရထားတွေ စတင်ပြေးဆွဲနေတာကို သိရှိရပါတယ်။ ရထားနဲ့ သယ်ယူပို့ဆောင်တာဟာ ကားနဲ့ သယ်ယူပို့ဆောင်တာထက် ၂၀ ကနေ ၄၀ ရာခိုင်နှုန်းအထိ ကုန်ကျစရိတ်ကို လျှော့ချနိုင်မယ်လို့ သိရှိရပါတယ်။ မြန်မာနိုင်ငံဟာ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ ရထားသံလမ်းတွေ ပိုမိုဖြည့်တင်းတာ၊ ရထားစင်းရေ ပိုမိုတိုးချဲ့ပြေးဆွဲတာတွေကို ကြိုးပမ်းလုပ်ဆောင်နေတဲ့ ရလဒ်အဖြစ် မြန်မာ့မီးရထားရဲ့ ပြောင်းလဲတိုးတက်မှုတွေကို မိမိတို့အားလုံး သိရှိပြီးဖြစ်ပါတယ်။

လက်ရှိမှာ လျှပ်စစ်ရထားတွေကို ရန်ကုန်-နေပြည်တော်-မန္တလေးအပြင် အခြားမြို့တွေကို တိုးချဲ့ပြေးဆွဲဖို့ စီစဉ်ဆောင်ရွက်လုပ်ဆောင်နေတာကြောင့် ဒီနှစ်သင်္ကြန်ရုံးပိတ်ရက်ရှည်တွေမှာ ဝန်ထမ်းတွေနဲ့ မိဘပြည်သူတွေ အေးဆေးသက်သာစွာနဲ့ ကုန်ကျစရိတ်လျှော့နည်းစွာ ခရီးသွားလာနိုင်ခဲ့ကြပါတယ်။ ထို့အတူ ကုန်တင်ရထားတွေကို ပြေးဆွဲပေးလျက်ရှိတာကြောင့် ကုန်စည်ပို့ဆောင်ရေးမှာ များစွာအကျိုးပြုလျက်ရှိပါတယ်။ လျှပ်စစ်ရထားစနစ်ဟာ မြို့ပြသယ်ယူပို့ဆောင်ရေးနဲ့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး နှစ်မျိုးစလုံးအတွက် အနာဂတ်မှာ အရေးပါတဲ့ စနစ်တစ်ခုဖြစ်လာနိုင်ပါတယ်။ လျှပ်စစ်ရထား ဖွံ့ဖြိုးလာပါက လောင်စာစရိတ်ကို ၃၀ ကနေ ၄၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မှာဖြစ်ပြီး သယ်ယူပို့ဆောင်ခစရိတ် ကြီးမြင့်မှုသက်သာသလို ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကိုလည်း ၆၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိ လျှော့ချပြီးသားဖြစ်လာမှာပါ။

၂၀၁၃ ခုနှစ် ဇွန်လတုန်းက မြန်မာနိုင်ငံက ထွက်တဲ့ သဘာဝဓာတ်ငွေ့ တန်ချိန် ၁၀၀၀ ကျော် တင်ဆောင်ထားတဲ့ ကုန်တွဲရထားက ယူနန်ပြည်နယ် ပေါင်ရှန်းမြို့ ဖူမြောင်သယ်ယူပို့ဆောင်ရေးစင်တာ၊ မီးရထားအထူးလမ်းကြောင်းကနေ စတင်ထွက်ခွာလာခဲ့ပါတယ်။ နောက်နှစ်ရက်အကြာမှာတော့ စီချွမ်ပြည်နယ် ချန်ဒူးမြို့ ချိန်ရှန်းဘူတာကို ဆိုက်ရောက်ခဲ့ပါတယ်။ အဲဒါဟာ တရုတ်-မြန်မာ လမ်းကြောင်းသစ် ကားလမ်း၊ မီးရထားလမ်း ပူးတွဲပို့ဆောင်ရေးရဲ့ ဆောင်ရွက်မှုဖြစ်သလို မန္တလေးမြို့ကနေ ကားလမ်းနဲ့ ထွက်လာခဲ့ပြီး ထိန်ချုန်းမြို့ ဟိုချောင်နယ်စပ်ဂိတ်ကနေ ပေါင်ရှန်းမြို့၊ ဖူဖြောင်သယ်ယူပို့ဆောင်ရေးစင်တာကို ရောက်ရှိ၊ အဲဒီကနေ ရထားနဲ့ ချန်ဒူးမြို့ကို ဆက်လက်သယ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ကားလမ်း-မီးရထားလမ်း ပူးတွဲပို့ဆောင်မှုမှာ ကီလိုမီတာ ၂၃၀၀ ကျော် ရှည်လျားပြီး သယ်ယူပို့ဆောင်မှုခရီးစဉ်တစ်ခုလုံးက ငါးရက်တာ ကြာမြင့်ခဲ့ပါတယ်။

ဖူဖြောင်ဘူတာရုံမှူး ဝူကွမ်ရှန့်အတွက်ကတော့ ဒါက မမေ့နိုင်တဲ့ ပထမဆုံးသော ဘူတာရဲ့ နိုင်ငံတကာ ကားလမ်း-မီးရထားလမ်း ပူးတွဲပို့ဆောင်မှု အစီအစဉ်ဖြစ်ပါတယ်။ **“ရထားတွဲ ပို့ဆောင်ရေးအစီအစဉ်ထဲက ကျွန်တော်က ရထားတွဲလွတ်ရွေးချယ်ချိတ်ဆက်မှုကို ကြိုတင်ပြင်ဆင်ထားပြီး တာဝန်ရှိသူက လုပ်ငန်းစဉ်ပြောင်းလဲချိတ်ဆက်မှုကို ကွပ်ကဲပေးတာပါ။ ရထားတွဲရဲ့ လုံခြုံရေးနဲ့ အမြန်ဆုံးထွက်ခွာနိုင်ရေးကို ကျွန်တော်တို့က အာမခံပေးနိုင်ခဲ့ပါတယ်”**လို့ တရုတ်နိုင်ငံ ကူမင်းမီးရထား ဦးစီးဌာန ကွမ်ထုံးလမ်းပိုင် ဖူဖြောင်ဘူတာရုံမှူး ဝူကွမ်ရှန့်က ပြောပြပါတယ်။

ပြီးခဲ့တဲ့နှစ်အနည်းငယ်ကလည်း တရုတ်နိုင်ငံ ချုံချင့်မြို့ ယွီကြွေဘူတာက စတင်ထွက်ခွာပြီး အီလက်ထရွန်နစ်အပိုပစ္စည်းတွေ၊ ကားနဲ့ ဆိုင်ကယ်အပိုပစ္စည်းတွေ ကွန်တိန်နာ ၆၀ ခန့်ကို တင်ဆောင်လာခဲ့တဲ့ ကုန်တင်ရထားတစ်စင်းက ချုံချင့်-လင်ချန်း-မန္တလေး ကားရထား ပေါင်းစပ်အစီအစဉ်အရ ၁၅ ရက်ခရီးနဲ့ မန္တလေးမြို့ကို ဆိုက်ရောက်ခဲ့ပါတယ်။ ပုံမှန်ထက် ရက်ပေါင်း ၂၀ လောက် သက်သက်သာသာနဲ့ တင်ပို့နိုင်ခဲ့တယ်လို့ သိခဲ့ရပါတယ်။

တရုတ်နိုင်ငံဘက်က အခေါ်အဝေါ်အရ **“တရုတ်-မြန်မာလမ်းကြောင်းသစ်”**၊ **“တရုတ်-မြန်မာ-အိန္ဒိယသမုဒ္ဒရာလမ်းကြောင်းသစ်”**လို့ သိရပြီး ပင်လယ်ရေကြောင်းပို့ဆောင်ရေး၊ ကားလမ်း၊ ရထားလမ်းပေါင်းစပ်သယ်ယူပို့ဆောင်ရေးအနေနဲ့ ဥရောပ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနဲ့ တောင်အာရှ နိုင်ငံအသီးသီးရဲ့ ကုန်စည်တွေ မြန်မာနိုင်ငံ ရန်ကုန်နဲ့ ကျောက်ဖြူဆိပ်ကမ်းတွေမှာ ဆိုက်ကပ်ပြီး ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကနေတစ်ဆင့် တရုတ်နိုင်ငံနဲ့ ကုန်စည်ကူးသန်းမှုဖြစ်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာ မလ္လကာရေလက်ကြားကိုပတ်တဲ့ ရေလမ်းကြောင်းဆိုတဲ့ အရင်လမ်းကြောင်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အလွန်ကို တိုတောင်းကောင်းမွန်တဲ့ လမ်းကြောင်းသစ်လို့ စီးပွားရေးပညာရှင်တွေက ယူဆကြပါတယ်။ လက်ရှိမှာ ကွန်တိန်နာ ၁၀၀၀ ကျော် တင်ပို့ခဲ့ပေမယ့် မြန်မာနိုင်ငံအတွင်းက ဒေသတွေ တည်ငြိမ်အေးချမ်းသွားမယ်ဆိုရင် ထိုထက်မက တိုးချဲ့ကုန်သွယ်နိုင်မှာဖြစ်သလို မြန်မာနိုင်ငံအနေနဲ့လည်း များစွာအကျိုးဖြစ်ထွန်းစေမယ့် စီမံကိန်းတစ်ခုလို့ ယူဆမိပါတယ်။

**တိုင်းပြည် တည်ငြိမ်အေးချမ်းသာယာလာတာနဲ့ အမျှ တရားဥပဒေစိုးမိုးလာတာနဲ့အမျှ ပြည်တွင်းကုန်စည်သယ်ယူပို့ဆောင်ရေးသာမက ဒေသတွင်းရထားအသုံးပြု သယ်ယူပို့ဆောင်ရေးစနစ်ကို တိုးမြှင့်အကောင်အထည်ဖော်နိုင်မယ်ဆိုရင် တရုတ်၊ လာအို၊ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံတို့ကို ချိတ်ဆက်ထားမယ့် သယ်ယူပို့ဆောင်ရေးကွန်ရက်ဟာ ယခုထက် ပိုမိုလျင်မြန်စွာနဲ့ ဖွံ့ဖြိုးလာပြီး ဒေသတွင်းကုန်ပစ္စည်းဖြန့်ဖြူးမှုစနစ်အတွင်းမှာ မိမိတို့နိုင်ငံဟာ အရေးပါတဲ့ အချက်အချာနေရာတစ်ခုအဖြစ် ရပ်တည်လာနိုင်မှာဖြစ်ပြီး ဒေသတွင်း ပြည်သူအချင်းချင်းလည်း ယခုထက် ပိုမိုရင်းနှီးတဲ့ဆက်ဆံရေး၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေက စောင့်ကြိုနေမယ်လို့ ယုံကြည်မျှော်လင့်ပါကြောင်း။** ။

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ်အခမ်းအနား ကျင်းပ



နေပြည်တော် ဧပြီ ၂၄

"ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ်အခမ်းအနား"ကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) တွင် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း က ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "For Every Generation, Vaccines Work" ဖြစ်ပြီး မြန်မာဘာသာဖြင့် "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏စွမ်းပကား" ဟု ဘာသာပြန်ဆိုထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးလုပ်ငန်းကို ၁၈၈၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပြီး ယခုအခါရောဂါ ၁၃ မျိုးကို ကာကွယ်သော ကာကွယ်ဆေးများကို ကမ္ဘာ့နိုင်ငံများနည်းတူ တိုးချဲ့ထိုးနှံပေးလျက်ရှိပြီး မျိုးဆက်တိုင်းကို ကာကွယ်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုကို ဆန်းစစ်ရာတွင် ၂၀၂၁ ခုနှစ်၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကာကွယ်ဆေးများ၏ လွှမ်းခြုံမှုအခြေအနေမှာ ၅၀ ရာခိုင်နှုန်းအောက်သာ ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ကာကွယ်ဆေးများ၏ လွှမ်းခြုံမှု ရာခိုင်နှုန်းမှာ ၈၀ ရာခိုင်နှုန်းအထက် ရောက်ရှိခဲ့ပြီးဖြစ်သည့်အတွက် လွှမ်းခြုံမှုရာခိုင်နှုန်းများ ပြန်လည်တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်သမ္မတ၏ ရက်ပေါင်း(၁၀၀) စီမံချက်ကာလအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းပါရှိပြီး ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးအပြီး ခုနစ်ရက်အတွင်းတွင် ထိခိုက်ဒဏ်ရာရရှိသူများ၊ ကယ်ဆယ်ရေး အဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တား ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ကလေးမိဘများက အားကောင်းစွာ ပူးပေါင်း၍ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ outbreak သဖွယ် အစုလိုက်ဖြစ်ပွားမှု မရှိပါကြောင်း၊ နိုင်ငံတော်မှလည်း ကာကွယ်ဆေးနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေမှ အလုံးစုံကျခံ၍ ဝယ်ယူသည့်နည်းလမ်း (Self-financing)၊ နိုင်ငံတော်နှင့် GAVI တို့ အချိုးကျထည့်ဝင်၍ ဝယ်ယူသည့်နည်းလမ်း (Co-financing) တို့ဖြင့် နှစ်စဉ် နိုင်ငံပိုင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်အထိ ကျခံသုံးစွဲလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးမှုမှတ်တမ်းတင် Documentary Story ပြသခြင်း၊ "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား" တေးသီချင်း ဗီဒီယိုပြသခြင်းနှင့် တက်ရောက်လာသူများက ပြခန်းငယ်အားလှည့်လည်ကြည့်ရှုခြင်းများ(ဓါတ်ပုံ) ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ တိုင်းဒေသကြီးအတွင်း မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု



ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အောင်မြေသာယာဘုရားလမ်း ဆောက်လုပ်ရေးအောက်ထိပ် မှတ်တိုင်အနီး၌ တံတားတည်ဆောက်ခြင်း၊ ဇလားရေမြောင်းနှင့် ပလက်ဖောင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းမကြီး တညင်းကုန်းလမ်းဆုံ အနီးတွင် ရထားသံလမ်း Pannel Flat များ တပ်ဆင်နေမှု၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ အမှတ်(၄) လမ်းတစ်လျှောက် လမ်းပိုင်းအလိုက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂) လမ်းမကြီးရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ်ရှေ့ မျက်နှာစာ၌ အရှည်ပေ ၄၂၀၀၊ အကျယ် ၁၆ ပေရှိ ကွန်ကရစ်လမ်းခင်းနေမှုနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇလားပုံရေမြောင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို**

(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

မုံရွာ ဧပြီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သွားမည့်ကာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအား ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အစွမ်းကုန် ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားပြီး ဧပြီ ၁၀ ရက်က ပြောကြားခဲ့သည့် နိုင်ငံတော်သမ္မတ၏မိန့်ခွန်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး မြသလ္လာခန်းမ၌ ကျင်းပပြုလုပ်သည့် မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ အောင်မြင်မှုသာ နိုင်ငံတော်၏ စီးပွားရေးမောင်းနှင်အား အရှိန်အဟုန်မြင့်တက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်နှင့် မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဘဏ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ စက်မှုဇုန်ရှိ "ငြိမ်းချမ်းရေး" ပဲခွဲစက်ရုံအတွင်း ကုလားပဲများ ကြိတ်ခွဲနေမှုနှင့် ထုပ်ပိုးနေမှုအခြေအနေကို လည်းကောင်း၊ မြို့သစ်ရပ်ကွက်ရှိ "ပွဲတော်အုပ်" လက်ဖက်နှင့်အကြော်စုံ အလုပ်ရုံတွင် လက်ဖက်နှင့်အကြော်စုံများ ထုတ်လုပ်နေမှု၊ ထုပ်ပိုးနေမှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချသွားမည့် လက်ဖက်နှင့်အကြော်စုံ ပါကင်ထုပ်ပိုးထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မန္တလေးဒေသရှိရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများအား ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၂၄**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ငလျင်ကြောင့် မန္တလေးဒေသရှိ အရိပ်မထွက်ဘုရား၊ ဘုရားနီဘုရား၊ မဟာမင်းထင်သစ်သား ဘုန်းကြီးကျောင်း၊ မဟာစန္ဒာမုနိဘုရားနှင့် မဟာမုနိဘုရားကြီးတို့ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အရိပ်မထွက်ဘုရား ထိခိုက်ပျက်စီးမှုနှင့် အလှူရှင်များ လှူဒါန်းမှုအရ ပြုပြင်နေမှုကို သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြုပြင်ရာတွင် မူလလက်ရာမပျက် ပြုပြင်သွားရန်၊ ပြုပြင်ရာတွင် ပြန်လည်အသုံးပြုနိုင်သည့် ရှေးအုတ်များကို ပြန်လည်အသုံးပြုသွားရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အင်းဝခေတ်ဦးပိုင်းကတည်းက တည်ထားခဲ့သော ဘုရားနီဘုရားကို သွားရောက်စစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ဘုရားကြီးအား ပြုပြင်ရာတွင် ရှေးမူမပျက်ပြုပြင်ရန်နှင့် မူလနှစ်ထပ်ဘုရားဖြစ်ကြောင်း ပေါ်လွင်စေရန်အတွက် ပြုပြင်သည့်အခါတွင် နှစ်ထပ်စေတီများအတွက် ပြုပြင်သည့်အတိုင်း တစ်ပါတည်းဆောင်ရွက်သွားရန်၊ အတွင်းနှစ်ထပ်စေတီအတွက် ချန်လှပ်ခဲ့ရာတွင် မိုးရေစိမ့်ဝင်ခြင်းမရှိအောင် ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မဟာမင်းထင် သစ်သားဘုန်းတော်ကြီးကျောင်းအား မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ ညှိနှိုင်းစီစဉ်မှု၊ ဂျပန်နိုင်ငံဘက်မှ လှူဒါန်းငွေတို့ဖြင့် ပြုပြင်နေမှုအခြေအနေကိုလည်းကောင်း၊ ဘိုးတော်ဗဒုံမင်း အေဒီ-၁၇၈၄ တွင် တည်ခဲ့သော မဟာစန္ဒာမုနိဘုရားခေါင်းလောင်းအထက်ပိုင်းနှင့် ပစ္စယံဆင့်များ ပြိုကျပျက်စီးမှုနှင့် အလှူရှင် လှူဒါန်းမှုဖြင့် မူလပုံသဏ္ဌာန်မပျက် ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ မဟာမုနိဘုရားရှိ ထိခိုက်ပျက်စီးခဲ့သည့် အာရုံခံတန်ဆောင်း၊ မုခ်ဦးများ၊ ဂန္ဓကုဋိတိုက်များ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့်အတူ မန္တလေးမြို့ရှိ Y Mandalay Hotel ၌ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးတို့ကို တစ်ပြိုင်တည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည့်အတွက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ခရီးသွားများကို မိမိတို့ဒေသခံရိုးရာဓလေ့များ၊ ရိုးရာအနုပညာရပ်များ၊ သမိုင်းဝင်နေရာများနှင့် ပိုမိုထိရောက်စွာ မိတ်ဆက်ပေးနိုင်မည့်အပြင် ယဉ်ကျေးမှုဆိုင်ရာခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံပြည်သူများ၏ ဝင်ငွေကိုလည်း တိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းအမွေအနှစ်များ စုံလင်စွာ တည်ရှိနေသည့် မြို့တစ်မြို့ဖြစ်ပြီး ယဉ်ကျေးမှုအခြေခံ ခရီးသွားလုပ်ငန်း (Cultural Tourism) ဖော်ဆောင်ရန် အထူးကောင်းမွန်သည့် ခရီးစဉ်ဒေသကြီး တစ်ခုဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ အားလုံးသည် အကျိုးရှိထိရောက်စွာ အသုံးချပြီး မြန်မာနိုင်ငံကို သွားလာလည်ပတ်စရာ ကောင်းမွန်သည့် ခရီးစဉ်ဒေသကြီး တစ်ခုအဖြစ် ကမ္ဘာက သိအောင် promotion and marketing ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းမြို့များမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များက အသင်းအဖွဲ့အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ငလျင်ဒဏ်ခံ ဟိုတယ်များ လိုအပ်သည့် ထောက်ပံ့ကြေးငွေ ရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး၊ စက်သုံးဆီရရှိရေး ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အဆုံးအဖြတ်ကိစ္စရပ်များကို နိုင်ငံတော်အစိုးရသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနပိုင် ငှားရမ်းဟိုတယ်ဖြစ်သည့် Mandalay Swan Hotel ကို လည်းကောင်း၊ ထွန်းလှဟိုတယ်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး ဇီးကုန်း-လေသာ ဆင်သေချောင်း ပေ ၄၅၀ သံကူကွန်ကရစ်တံတားပြုပြင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာသို့ သွားရောက်၍ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစိုက်တောင်သူများအား ယူရီးယားမြေဩဇာ ရောင်းချပွဲသို့ တက်ရောက်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ယူရီးယားမြေဩဇာ ရောင်းချပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ်ရေဆင်းကျေးရွာအုပ်စု ကန်သာအေးကျေးရွာသို့ သွားရောက်၍ သောက်သုံးရေ ရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့သည့် ရေဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်၊ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိမှုနှင့် အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးရွာဓမ္မာရုံတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်း လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း RBF စီမံကိန်းချေးငွေတို့ဖြင့် အစုအဖွဲ့များဖွဲ့၍ ဆောင်ရွက်နေသည့် အသားတိုးဝက် မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရာဂီမုန်တိုင်းကြောင့်ထိခိုက်ပျက်စီးခဲ့သော ဇီးကုန်း-လေသာ ဆင်သေချောင်း ပေ ၄၅၀ သံကူကွန်ကရစ်တံတားအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အပူဒဏ်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ပြင်ဆင်ထားရှိ

**ပေါင်းတည် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြို့နယ်နှင့် တိုက်နယ်ပြည်သူ့ဆေးရုံများတွင် အပူဒဏ်ကြောင့် ဖြစ်ပွားသည့် ရောဂါများဖြင့် လာရောက်ပြသသည့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် ကြိုတင် စီစဉ်ဆောင်ရွက်ထားကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ပူပြင်းသော နွေရာသီကာလ၌ အပူဒဏ်နောက်ဆက်တွဲ ခံစားနေရသည့် ဝေဒနာရှင်များ ရောက်ရှိလာပါက ကုသပေးနိုင်ရန် ဆေးရုံများရှိ ပြင်ပလူနာဌာနများတွင် ဆရာဝန်သူနာပြုများနှင့် လိုအပ်သည့် ဆေးဝါးများအား မေ ၄ ရက်မှစတင်၍ စီစဉ်ထားကြောင်း၊ ထို့ပြင် လာရောက်ပြသသည့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ခုတင် (၅၀) ဆံ့ ပေါင်းတည်မြို့နယ်ပြည်သူ့ဆေးရုံတွင် ခုတင် သုံးလုံးမှ ၁၀ လုံးအထိလည်းကောင်း၊ (၁၆) ခုတင်ဆံ့ ကြာနီကန်နှင့် မှတ်တိုင်တိုက်နယ် ဆေးရုံများတွင် ခုတင်တစ်လုံးစီဖြင့်လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၄**

လာမည့် စနေ၊ တနင်္ဂနွေ အားလပ်ရက် များတွင် နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်း ဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# နို့တစ်ခွက်ရဲ့နောက်ကွယ်က နို့စားနွားမွေးမြူရေး

မေဦးမိုး

**❝ မြန်မာနိုင်ငံရဲ့ နို့စားနွားမွေးမြူရေးကဏ္ဍဟာ စိန်ခေါ်မှုတွေ အများကြီးရှိနေပါသေးတယ်။ မွေးမြူတဲ့နွားရဲ့ မျိုးဗီဇက မကောင်းတာ၊ အစာကျွေးမွေးမှုအားနည်းတာနဲ့ နည်းပညာအသုံးပြုမှုကလည်း အလွန်နည်းပါးနေသေးတယ်လို့ သိရပါတယ်။ အထူးသဖြင့် နို့စားနွားတစ်ကောင်အတွက် အစာကုန်ကျစရိတ်က နွားတန်ဖိုးရဲ့ ၇၅ ရာခိုင်နှုန်းလောက် ရှိပါတယ်။ ဒါကြောင့် နို့ဈေးနှုန်းတည်ငြိမ်ဖို့ဆိုတာ အစာစရိတ်ပေါ်မှာ အဓိကမူတည်နေတယ်လို့ ဆိုရမှာပါ။ ဒါ့အပြင် ရောဂါကျရောက်မှုကလည်း ကြီးမားတဲ့ပြဿနာတစ်ခုဖြစ်ပါတယ်။ နမူနာပြရရင် နို့အုံရောင်ရောဂါ (Mastitis)တစ်ခုတည်းကြောင့် မြန်မာနိုင်ငံရဲ့ နွားမွေးမြူရေးမှာ နှစ်စဉ် ကျပ်သန်း ၅၀၀ ခန့် ဆုံးရှုံးနေရတယ်လို့ သိရှိရပါတယ် ❞**

နေ့စဉ်လှုပ်ရှားရုန်းကန်ရတဲ့ ပြည်သူအများစုအတွက် နံနက်ခင်းအိပ်ရာနိုးနိုးချင်း နွားနို့တစ်ခွက်သောက်ဖြစ်ဖို့ဆိုတာ သိပ်တော့ မလွယ်ကူလှပါဘူး။ မြို့ကြီးပြကြီးတွေမှာတောင် သန့်သန့်ရှင်းရှင်းနဲ့ အာဟာရပြည့် နွားနို့တစ်ခွက်ရဖို့ ခက်ပါတယ်။ ရံဖန်ရံခါ ဒါမှမဟုတ် အားနည်းနေတယ်လို့ ခံစားရတဲ့အချိန်တွေမှာ အာဟာရအတွက် နွားနို့တစ်ခွက်သောက်ကြည့်ဖို့ လူတိုင်းကြိုးစားဖူးကြပါလိမ့်မယ်။ နွားနို့သောက်ရင်း တစ်ခါတလေတော့ မေးခွန်းတစ်ခုလည်း ပေါ်လာနိုင်ပါသေးတယ်။ ဒီနွားနို့က ဘာတွေကောင်းကျိုးပေးသလဲ၊ ဘယ်လိုနွားတွေကနေ နွားနို့ရသလဲ။

နွားနို့ဟာ လူ့အာဟာရအတွက် အရေးကြီးတဲ့ အစားအစာတစ်ခုဖြစ်ပြီး ကယ်ဆီယမ်၊ ပရိုတင်း၊ ဗီတာမင် B12 စတဲ့ အာဟာရဓာတ်တွေကြောင့် အရိုးခိုင်မာရေးနဲ့ ကိုယ်ခံအားဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေလို့ လူ့ခန္ဓာကိုယ်အတွက် အပြည့်စုံဆုံး သဘာဝအစားအစာ (Natural Food) တစ်ခုလို့တောင် ခေါ်နိုင်ပါတယ်။ နို့ထဲက ကယ်ဆီယမ်က အရိုးနဲ့သွားတွေကို ခိုင်မာစေသလို ပရိုတင်းက ကြွက်သားဖွံ့ဖြိုးမှုကို ထောက်ပံ့ပေးတယ်။ ဗီတာမင် B12 လို အာဟာရဓာတ်တွေကလည်း အာရုံကြောစနစ်နဲ့ စွမ်းအင်ထုတ်လုပ်မှုအတွက် အရေးကြီးတယ်။ အထူးသဖြင့် ကလေးငယ်တွေ ကြီးထွားဖွံ့ဖြိုးရာမှာ နို့ဟာ အခြေခံအာဟာရတစ်ခုဖြစ်ပြီး လူကြီးပိုင်းမှာလည်း အရိုးပျော့ခြင်း (Osteoporosis) လို ပြဿနာတွေကို လျော့နည်းစေရာမှာ အထောက်အကူဖြစ်တယ်လို့ WHO နဲ့ FAO ရဲ့ Nutrition Reports တွေမှာ ဖော်ပြထားပါတယ်။

နို့စားနွားမွေးမြူရေးလုပ်ငန်းကို အများအားဖြင့် နွားမွေးတာ၊ နို့ထုတ်ယူပြီး ရောင်းတာလို့ ရိုးရိုးရှင်းရှင်းမြင်ကြပေမယ့် အမှန်တကယ်တော့ နို့စားနွားမွေးမြူတာဟာ အစာထောက်ပံ့မှု(Feed) ကနေစပြီး တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု (Animal Health)၊ နို့ထုတ်လုပ်မှု (Milk Production)၊ ပြုပြင်ထုတ်လုပ်မှု (Processing)နဲ့ ဖြန့်ချိရေး(Distribution )တွေအထိ ချိတ်ဆက်နေတဲ့ လုပ်ငန်းကြီးတစ်ခုဖြစ်ပါတယ်။ မိမိတို့ နိုင်ငံမှာ နို့စားနွားမွေးမြူရေးကဏ္ဍဟာ ရှိသင့်တဲ့ ထုတ်လုပ်နိုင်မှုထက် နည်းပါးနေဆဲ ဖြစ်သလို ၂၀၂၃ ခုနှစ် အချက်အလက်များအရ နို့ထုတ်လုပ်မှု စုစုပေါင်းတန် ၄၂၀၀၀၀ ခန့်သာရှိပြီး နို့စားနွားကောင်ရေ ၇၂၆၄ ကောင်သာရှိပါတယ်။ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ တစ်နိုင်ငံလုံးရဲ့ ၅၅ ရာခိုင်နှုန်းခန့်ကို မွေးမြူထားတယ်လို့ သိရပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နွားနို့အတွက် နို့စားနွားမွေးမြူတဲ့ခြံတွေ အများအပြားရှိပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ နို့စားနွားကို လယ်ယာမြေထွန်ယက်ဖို့ အသုံးပြုတဲ့နွားတွေနဲ့ အတူတူ မွေးမြူတတ်ကြပါတယ်။ စီးပွားဖြစ် မွေးမြူမှု အများအပြားကိုတော့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ၊ ကျောက်ဆည်၊ တံတားဦး၊ အမရပူရနဲ့ ပြင်ဦးလွင်တို့လို မြို့တွေမှာတွေ့ရပြီး နေပြည်တော်နဲ့ ရန်ကုန်မြို့အနီးတစ်ဝိုက်မှာလည်း တစ်ပိုင်တစ်နိုင် စီးပွားဖြစ်မွေးမြူမှုတွေ အတော်လေးများပြားလာပါတယ်။

ဒီဒေသတွေကတော့ မြန်မာနိုင်ငံမှာ နို့စားနွားမွေးမြူရေးရှည်ကြာခဲ့တဲ့ ဒေသတွေလည်း ဖြစ်ပါတယ်။ တကယ်တော့ မြန်မာနိုင်ငံမှာ ၁၉၇၈ ခုနှစ်ကတည်းက ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ ပြင်သစ်၊ နယ်သာလန်၊ ဩစတြေးလျနိုင်ငံတွေကနေ ဖရေရှန်၊ ဂျာစီ၊ ဂွမ်စီ၊ အေးရှားရား၊ နော်ဝေဂျင်ရွက်အပါအဝင် နို့စားနွား ခုနစ်မျိုးကို စတင်မွေးမြူခဲ့တယ်လို့ မှတ်တမ်းတွေအရ သိရှိရပါတယ်။ အခုအခါမှာတော့ အဓိကအားဖြင့် ဖရေရှန်နဲ့ ဂျာစီနို့စားနွားတွေကို အများဆုံးမွေးမြူလျက်ရှိပါတယ်။ ဒါပေမယ့် အကောင်ရေ အနည်းငယ်သာမွေးတဲ့ မွေးမြူရေးသမားတွေကတော့ နို့စားနွားဆိုတာ နိုင်ငံတကာက သိကြတဲ့ ဖရေရှန်လို နို့အထွက်များတဲ့ မျိုးစစ်စစ်တွေ မဟုတ်ဘဲ ဒေသခံ Zebu နွားမျိုးတွေနဲ့ စပ်ထားပြီးမျိုးတွေကို အများဆုံးမြင်တွေ့ရမှာပါ။ မွေးမြူတဲ့အခါမှာလည်း သမားရိုးကျ လွတ်ကျောင်းစနစ်နဲ့ အဓိက မွေးမြူတဲ့ပုံစံမျိုးပါ။

ဖရေရှန်နဲ့ ဂျာစီ နို့စားနွားနှစ်မျိုးကို ဥပမာပြရရင် ဖရေရှန်တစ်ကောင်ဟာ တစ်နေ့ကို ပျမ်းမျှ နို့ ၁၀ ပိဿာ (၁၆ လီတာလောက်) ထွက်တယ်။ ဒါပေမယ့် သူ့နို့မှာ အဆီဓာတ်က ၃ ဒသမ ၅ ရာခိုင်နှုန်းလောက်ပဲပါပြီး ဂျာစီကတော့ တစ်နေ့ကို နို့ ၈ ပိဿာ (၁၃ လီတာ လောက်) ပဲထွက်ပေမယ့် အဆီဓာတ်က ၅ ရာခိုင်နှုန်းအထိ ပါဝင်တယ်။ နို့စားနွားတစ်ကောင်ကို တစ်နှစ်မှာ ရက် ၃၀၀ လောက် နို့ညှစ်လေ့ရှိပြီး တစ်ရက်ကို အနိမ့်ဆုံး ငါးပိဿာကနေ အမြင့်ဆုံး ၁၃ ပိဿာ (၂၁ လီတာ လောက်)အထိ ထွက်တတ်တယ်လို့ သိရပါတယ်။

အစာကျွေးပုံချင်းအတူတူပဲဆိုရင်တောင် မျိုးရိုးဗီဇချင်းမတူတဲ့အတွက် နို့ထွက်နှုန်းနဲ့ အရည်အသွေး ကွာသွားတာပါ။ ဒါကြောင့် နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးဖို့အတွက် မျိုးဗီဇကောင်းတဲ့ နွားတွေကို မွေးမြူထုတ်လုပ်ဖို့ သိပ်ကိုအရေးကြီးပါတယ်။ နယူးဇီလန်နိုင်ငံမှာ ဖရေရှန်နဲ့ ဂျာစီကို မျိုးစပ်ပြီး "ကီဝီခရော့စ်" မျိုးစိတ်သစ်ကို ဖန်တီးခဲ့ရာ နို့ထွက်နှုန်းရော အရည်အသွေးပါ ကောင်းလာတယ်လို့ သိရပါတယ်။

ကမ္ဘာ့တစ်ဝန်းမှာ နို့ထုတ်လုပ်မှုကို လေ့လာကြည့်ရင် FAO ရဲ့ ၂၀၂၃ ခုနှစ် စာရင်းအရ အိန္ဒိယနိုင်ငံဟာ တစ်နှစ်ကို တန်ချိန် သန်း ၂၃၀ ကျော်နဲ့ နံပါတ်တစ်နေရာမှာ ရပ်တည်နေပါတယ်။ အမေရိကန်ပြည်ထောင်စုက တန်ချိန် သန်း ၁၀၀ ဝန်းကျင်၊ ဥရောပသမဂ္ဂက တန်ချိန် သန်း ၁၅၀ ဝန်းကျင် ထုတ်လုပ်တယ်။ လူဦးရေသုံးသန်းလောက်ပဲရှိတဲ့ နယူးဇီလန်နိုင်ငံက နို့ထွက်ပစ္စည်း တင်ပို့မှုမှာ ကမ္ဘာ့အဆင့်ရှိတယ်။ ဒါတွေကို ကြည့်ပြီး မြန်မာနိုင်ငံရဲ့ နို့စားနွားမွေးမြူရေးအခြေအနေကို နှိုင်းယှဉ်ကြည့်ရင် မြန်မာနိုင်ငံက ဘယ်လောက်အထိ နောက်ကျနေတယ်ဆိုတာ သိသာပါလိမ့်မယ်။

ဒီနေရာမှာ တကယ့်လက်တွေ့ဘဝ ဇေယျာသီရိမြို့နယ်က မွေးမြူရေးသမား ကိုသန်းဌေးရဲ့ အတွေ့အကြုံကို မျှဝေလိုပါတယ်။ သူဟာ နှစ်ပေါင်း ၂၀ ကျော် နို့စားနွားမွေးမြူခဲ့သူတစ်ယောက်ပါ။ သူ့မှာ နွားကိုးကောင်ရှိတယ်။ အစပိုင်းမှာ သူက နွားတွေကို မြက်ခင်းတွေမှာ လွှတ်ကျောင်းပြီး ကောက်ရိုးနဲ့ တစ်ခါတလေ ဖွဲနုကျွေးတယ်။ နွားတစ်ကောင်က တစ်နေ့ကို နို့သုံးလီတာလောက်ပဲရတယ်။ ပြောရရင် ရေသန့်ပုလင်း သုံးပုလင်းစာပဲ။ နောက်ပိုင်းမှာတော့ တောင်သူပညာပေးအစီအစဉ်တစ်ခုကနေ သင်ယူလိုက်ရတဲ့ နည်းလမ်းတွေရှိတယ်။ သူက နေပီယာမြက်ကို သီးသန့်စိုက်ပျိုးပြီး နွားတွေကို တင်းကုပ်ထဲမှာပဲ ထိန်းကျွေးတဲ့စနစ်ကို ပြောင်းလဲကျင့်သုံးတယ်။ နွားတွေအတွက် သန့်ရှင်းတဲ့ရေကိုလည်း ပုံမှန်ဖြည့်ဆည်းပေးတယ်။ ရလဒ်အနေနဲ့ သူ့နွားတွေရဲ့ နို့ထွက်နှုန်းဟာ တစ်နေ့ကို ငါးလီတာလောက်ကနေ ၁၀ လီတာလောက်အထိ တက်လာတယ်။ သူ့ဝင်ငွေကလည်း နှစ်ဆနီးပါး တိုးလာတယ်။ ဒါပေမယ့် တစ်ပိုင်တစ်နိုင်မွေးသူတွေထဲမှာ ကိုသန်းဌေးလို သေသေချာချာစနစ်တကျနဲ့ လိုက်လုပ်တဲ့သူကတော့ အတော်လေးရှားမယ်လို့ ယူဆရပါတယ်။

မြန်မာနိုင်ငံရဲ့ နို့စားနွားမွေးမြူရေးကဏ္ဍဟာ စိန်ခေါ်မှုတွေ အများကြီးရှိနေပါသေးတယ်။ မွေးမြူတဲ့နွားရဲ့ မျိုးဗီဇက မကောင်းတာ၊ အစာကျွေးမွေးမှုအားနည်းတာနဲ့ နည်းပညာအသုံးပြုမှုကလည်း အလွန်နည်းပါးနေသေးတယ်လို့ သိရပါတယ်။ အထူးသဖြင့် နို့စားနွားတစ်ကောင်အတွက် အစာကုန်ကျစရိတ်က နွားတန်ဖိုးရဲ့ ၇၅ ရာခိုင်နှုန်းလောက် ရှိပါတယ်။ ဒါကြောင့် နို့ဈေးနှုန်းတည်ငြိမ်ဖို့ဆိုတာ အစာစရိတ်ပေါ်မှာ အဓိကမူတည်နေတယ်လို့ ဆိုရမှာပါ။ ဒါ့အပြင် ရောဂါကျရောက်မှုကလည်း ကြီးမားတဲ့ပြဿနာတစ်ခု ဖြစ်ပါတယ်။ နမူနာပြရရင် နို့အုံရောင်ရောဂါ (Mastitis) တစ်ခုတည်းကြောင့် မြန်မာနိုင်ငံရဲ့ နွားမွေးမြူရေးမှာ နှစ်စဉ် ကျပ်သန်း ၅၀၀ ခန့် ဆုံးရှုံးနေရတယ်လို့ သိရှိရပါတယ်။

ဒါတင်မကသေးပါဘူး၊ မြန်မာနိုင်ငံရဲ့ နို့ထွက်ပစ္စည်းစားသုံးမှုပမာဏဟာ အလွန်နည်းပါးနေပါသေးတယ်။ FAO ရဲ့ ခန့်မှန်းချက်အရ မြန်မာလူမျိုးတစ်ဦးဟာ တစ်နှစ်ကို နို့နဲ့ နို့ထွက်ပစ္စည်း ကီလိုဂရမ် ၂၀ ကနေ ၂၅ ကီလိုဂရမ်အထိပဲ စားသုံးမယ်လို့ ခန့်မှန်းထားတာကို တွေ့ရှိရပါတယ်။ ဒါဟာ အာရှနိုင်ငံတွေရဲ့ ပျမ်းမျှအောက်၊ ဥရောပနဲ့ အမေရိကနိုင်ငံတွေရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ရှိတဲ့အနေအထားဖြစ်ပါတယ်။ ဒါပေမယ့် မြို့ပြတွေမှာတော့ လူလတ်တန်းစား တိုးပွားလာတာနဲ့အမျှ နို့နဲ့ ဒိန်ချဉ်၊ ရေခဲမုန့်စတာတွေရဲ့ စားသုံးမှုဟာ တဖြည်းဖြည်းတိုးလာနေတယ်။ ဒီလိုတိုးလာတဲ့ လိုအပ်ချက်ဟာ ပြည်တွင်းနို့လုပ်ငန်းအတွက် အခွင့်အလမ်းတစ်ခုဖြစ်သလို ပြည်ပကနေ နို့ထွက်ပစ္စည်းတွေ တင်သွင်းနေရမှုကိုလည်း လျှော့ချနိုင်တဲ့ အခွင့်အရေးတစ်ခုလို့ ဆိုနိုင်ပါတယ်။

**လက်ရှိမှာ မြန်မာနိုင်ငံဟာ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် ကုန်ကျပြီး နို့ထွက်ပစ္စည်းတွေ ပြည်ပကနေ တင်သွင်းနေရတာဖြစ်ပါတယ်။ ဒါပေမယ့် ပြည်တွင်းမှာ နွားမွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်တဲ့ ရေခံမြေခံနဲ့ တိရစ္ဆာန်အစာတွေ လုံလောက်စွာ ရှိနေပြီးသားဆိုတာကို သတိပြုဖို့လိုပါတယ်။ အဓိကကတော့ နည်းပညာအားဖြင့် မြင့်မားခြင်းမရှိသေးတဲ့ နို့ဆီနဲ့ နို့စိမ်းလိုမျိုး ထုတ်ကုန်တွေကို ပြည်တွင်းမှာ လုံလောက်အောင် ထုတ်နိုင်ရေးပဲ ဖြစ်ပါတယ်။**

ဒီပြဿနာတွေကို ဖြေရှင်းဖို့အတွက် ဖြေရှင်းနည်းတွေ အများကြီးရှိပါတယ်။ ပထမဆုံးအနေနဲ့ တောင်သူတွေ သမဝါယမအသင်း ဖွဲ့စည်းပြီး အစာ၊ တိရစ္ဆာန်ဆေးဝါး၊ သွင်းအားစုတွေကို အစုလိုက်ဝယ်ယူတဲ့ အလေ့အထကို ပြုစုပျိုးထောင်သင့်ပါတယ်။ ဒီလိုလုပ်ရင် ကုန်ကျစရိတ် ၂၀ ရာနှုန်းကနေ ၃၀ ရာနှုန်းအထိ သက်သာသွားနိုင်မယ်လို့ သမဝါယမဆိုင်ရာ ကျွမ်းကျင်သူတွေကဆိုပါတယ်။ ဒုတိယအနေနဲ့ မေထုန်မဲ့သားစပ် (Artificial Insemination) နည်းပညာကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပြီး အပူပိုင်းဒေသတွေအတွက် သင့်တော်တဲ့ နို့စားနွားမျိုးတွေ ဖန်တီးပေးဖို့လိုအပ်ပါတယ်။ တတိယအနေနဲ့ နို့ကို ဒိန်ချဉ်၊ ဒိန်ခဲ၊ နို့ဆီ၊ နို့စိမ်း၊ ထောပတ်အဖြစ် ပြုပြင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်ဖို့ ကြိုးပမ်းကြရမှာဖြစ်ပြီး နွားနို့သာမက ကျွဲနို့ကိုလည်း နို့ထွက်ပစ္စည်း အဖြစ်ထုတ်လုပ်နိုင်တယ်ဆိုတာကို သတိပြုသင့်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

**❝ နည်းပညာအသုံးပြုမှုလည်း အရေးကြီးပါတယ်။ စိုက်ပျိုး၊ မွေးမြူရေး စစ်တမ်းတစ်ခုအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းက လယ်သမား ၅၀၀ ကို စစ်တမ်းကောက်ကြည့်ရာမှာ မိုဘိုင်းဖုန်းကနေ နို့ဈေးနှုန်း၊ ရာသီဥတုနဲ့ မွေးမြူရေးဆိုင်ရာ အကြံပြုချက်တွေကို ရယူသုံးစွဲနိုင်တဲ့သူတွေဟာ ဒီလိုမလုပ်တဲ့သူတွေထက် ဝင်ငွေ ၃၀ ရာနှုန်းခန့် ပိုရတယ်လို့ တွေ့ရှိခဲ့ရပါတယ်။ အခုနောက်ပိုင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ပတ်သက်တဲ့ အက်ပလီကေးရှင်းတွေ၊ သတင်းဌာနတွေ များပြားလာတာမို့ ဒါတွေကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာပြီး မျိုးပွားခြင်း၊ အစာကျွေးခြင်း၊ ဇီဝလုံခြုံရေးစနစ်တွေကို လေ့လာကြတာမျိုးနဲ့ နို့စားနွားမွေးမြူရေးကို တစ်ပိုင်တစ်နိုင် အဆင့်မြှင့်တင်နိုင်ပါတယ် ❞**

# နိုင်ငံတော်သမ္မတ၏ အခြေပြမိန့်ခွန်း ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရအဖွဲ့၏ ရက်(၁၀၀) စီမံချက်ဆောင်ရွက်ရမည့် အခြေအနေများရှင်းလင်း

**နေပြည်တော် ဧပြီ ၂၄**

နိုင်ငံတော်သမ္မတ၏ အခြေပြမိန့်ခွန်းအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရအဖွဲ့၏ ရက် (၁၀၀) စီမံချက်ဆောင်ရွက်ရမည့် အခြေအနေများ ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာများသည် ပြည်သူကိုဗဟိုပြု၍ ပွင့်လင်းမြင်သာမှုရှိသော အဂတိကင်းစင်သော ဝန်ဆောင်မှုများပေးအပ်ရန် လိုအပ်ကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သည့်အခါ မိမိတို့ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ပေးကြရန်နှင့် တာဝန်ရှိသူများအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များ အောင်မြင်စေရန် အင်တိုက်အားတိုက် လက်တွဲညီစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာများက အစိုးရအဖွဲ့၏ ရက်(၁၀၀)စီမံချက် ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု၏ အားသာချက်များကို ဆက်လက်ထိန်းသိမ်းခြင်း၊ အားနည်းချက်များကို ဖော်ထုတ်ပြုပြင်ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် လက်ရှိ ၂၀၂၆-၂၀၂၇ စီမံကိန်းရည်မှန်းချက်ကို သက်ဆိုင်ရာကဏ္ဍအလိုက် အချိတ်အဆက်မိမိဖြင့် လျာထားချက် ရာခိုင်နှုန်းပြည့်မီကျော်လွန်ရေးနှင့် မျှော်မှန်းထားသည့် တိုးတက်မှုနှုန်းများရရှိရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားပြီး လယ်ယာကဏ္ဍကြီး၏ စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ရာ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက လက်ခံရယူသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များက စက်မှုကဏ္ဍကြီး၏ စီမံကိန်းရည်မှန်းချက် တာဝန်များ၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ စီမံကိန်းရည်မှန်းချက်တာဝန်များ၊ နေပြည်တော်အတွင်းရှိ ခရိုင်များ၏ စီမံကိန်းရည်မှန်းချက်တာဝန်များကို ပေးအပ်ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့မှုပေးခြင်းအခမ်းအနားသို့ တက်ရောက်အားပေး

**မော်လမြိုင် ဧပြီ ၂၄**

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုနှင့် ထောက်ပံ့မှုပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အခြေခံ စားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ သမားတော်ကြီးများ၊ ကျန်းမာရေး ဝန်ထမ်းများက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးကုသပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုဒုံမြို့နယ် တာပသွန်ကျေးရွာအုပ်စု Sen Hui Yuan Co., Ltd ရော်ဘာသစ်ခွဲသားစက်ရုံသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် စက်ရုံမှူး ဦးတင်မင်းက မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုထားသော အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၂ သန်း ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်သည့် Sen Hui Yuan Co., Ltd ရော်ဘာသစ်ခွဲသားစက်ရုံ လည်ပတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံလည်ပတ်မှုအတွက် မွန်ပြည်နယ်အတွင်း ကုန်ကြမ်းရရှိစေရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ရော်ဘာသစ်၊ ပရိဘောဂ၊ သစ်ပါးလွှာ၊ အထပ်သားလုပ်ငန်းများ ထုတ်လုပ်စေရေး၊ စက်ရုံ၏ရင်းနှီးမြှုပ်နှံမှုကာလ နှစ်(၅၀)ဖြစ်၍ နှစ်(၅၀)အတွက် ကုန်ကြမ်းရရှိနိုင်မှု အခြေအနေများ၊ စက်ရုံ၌ ရေရရှိမှုအခြေအနေ၊ အလုပ်သမားရရှိမှု အခြေအနေတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရော်ဘာသစ်ခွဲသားစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးက စက်ရုံလည်ပတ်မှုနှင့် ရော်ဘာသစ်ခွဲသား အဆင့်ဆင့်ထုတ်လုပ်မှု အခြေအနေကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ထို့အတူ နည်းပညာအသုံးပြုမှုလည်း အရေးကြီးပါတယ်။ စိုက်ပျိုး၊ မွေးမြူရေးစစ်တမ်းတစ်ခုအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းက လယ်သမား ၅၀၀ ကို စစ်တမ်းကောက်ကြည့်ရာမှာ မိုဘိုင်းဖုန်းကနေ နို့ဈေးနှုန်း၊ ရာသီဥတုနဲ့ မွေးမြူရေးဆိုင်ရာ အကြံပြုချက်တွေကို ရယူသုံးစွဲနိုင်တဲ့သူတွေဟာ ဒီလိုမလုပ်တဲ့သူတွေထက် ဝင်ငွေ ၃၀ ရာနှုန်းခန့် ပိုရတယ်လို့ တွေ့ရှိခဲ့ရပါတယ်။ အခုနောက်ပိုင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ပတ်သက်တဲ့ အက်ပလီကေးရှင်းတွေ၊ သတင်းဌာနတွေ များပြားလာတာမို့ ဒါတွေကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာပြီး မျိုးပွားခြင်း၊ အစာကျွေးခြင်း၊ ဇီဝလုံခြုံရေးစနစ်တွေကို လေ့လာကြတာမျိုးနဲ့ နို့စားနွားမွေးမြူရေးကို တစ်ပိုင်တစ်နိုင် အဆင့်မြှင့်တင်နိုင်ပါတယ်။

ရာသီဥတုပြောင်းလဲမှုကလည်း စိန်ခေါ်မှုတစ်ခုပါ။ အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထက်ကို ရောက်သွားရင် နွားတွေရဲ့ နို့ထွက်နှုန်းဟာ ၂၀ ရာနှုန်းလောက် ကျဆင်းနိုင်တယ်လို့ နွားမွေးမြူရေး ကျွမ်းကျင်သူတွေက ဆိုကြပါတယ်။ ဒါကြောင့် နွားတင်းကုပ်တွေကို ရေစီးရေလာကောင်းတဲ့ မြေမြင့်တွေမှာ ဆောက်လုပ်ပြီး သဘာဝလေဝင်လေထွက်စနစ်တွေ ထည့်သွင်းသင့်တယ်။ မွေးမြူမယ့်ဒေသနဲ့ ကိုက်ညီတဲ့ နွားမျိုးတွေကိုလည်း ရွေးချယ်မွေးမြူဖို့ လိုပါတယ်။ ဒ့ါအပြင် နို့ကို ထုတ်လုပ်ပြီး ချက်ချင်းမထိန်းသိမ်းနိုင်ရင် အရည်အသွေး မြန်မြန်ကျဆင်းတတ်တာကြောင့် အေးခဲစနစ်တွေကလည်း အလွန်အရေးကြီးတာမို့ အရည်အသွေးထိန်းသိမ်းမှု မြှင့်တင်ပေးဖို့လည်း လိုအပ်ပါတယ်။

ယနေ့ကမ္ဘာမှာလည်း နို့စားနွားလုပ်ငန်းက စိန်ခေါ်မှုတွေ ကြုံနေရပါတယ်။ ဥပမာအားဖြင့် နွားကထွက်ရှိတဲ့ မီသိန်းဓာတ်ငွေ့က ဖန်လုံအိမ်ဓာတ်ငွေ့တွေထဲကတစ်ခုဖြစ်တာကြောင့် ကမ္ဘာကြီးရဲ့ အပူချိန်မြင့်တက်မှုကို အားပေးတယ်လို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်တွေက ဆိုကြပါတယ်။ ဒါကြောင့် နို့နဲ့ နို့ထွက်ပစ္စည်းအများအပြားထုတ်လုပ်တဲ့ နိုင်ငံတွေဟာ Sustainable Dairy Farming နဲ့ Precision Dairy Farming လို နည်းပညာအသစ်တွေကို အသုံးပြုပြီး ထုတ်လုပ်မှုတိုးမြှင့်တာနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို တစ်ပြိုင်နက် လျှော့ချတာမျိုး ရှာဖွေကြံဆနေကြရပါတယ်။

**ဒါတွေအားလုံးကို အောင်မြင်အောင် ဆောင်ရွက်နိုင်စေဖို့ အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်။ သမဝါယမအသင်းတွေ ဖွဲ့စည်းပြီး စုပေါင်းမွေးမြူနိုင်ရေး ဆောင်ရွက်မယ်ဆိုရင် အရင်းအနှီးနည်းတဲ့ တောင်သူတွေပါ ပါဝင်လာနိုင်မှာဖြစ်ပါတယ်။ လက်တွေ့မှာ နိုင်ငံတော်က စတင်လုပ်ဆောင်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။ နိုင်ငံခြားအကူအညီတွေကိုလည်း မဟာဗျူဟာကျကျ အသုံးချနိုင်ကြဖို့ ကြိုးပမ်းကြရမှာဖြစ်ပြီး အိမ်နီးချင်းနိုင်ငံတွေရဲ့ အတွေ့အကြုံကိုလည်း သင်ယူနိုင်တယ်။ ဥပမာ အိန္ဒိယနိုင်ငံ Amul ရဲ့ သမဝါယမစနစ်ဟာ သန်းနဲ့ချီတဲ့ နို့စားနွားမွေးမြူရေးသမားတွေရဲ့ ဘဝကို ပြောင်းလဲပေးနိုင်ခဲ့လို့ လေ့လာကြည့်နိုင်ပါတယ်။ နွားမွေးမြူရေးနဲ့ ကျွဲမွေးမြူရေးလုပ်ငန်းတွေကို အောင်မြင်အောင် ဆောင်ရွက်ပြီး နို့ထွက်ပစ္စည်းထုတ်လုပ်နိုင်တဲ့စက်ရုံတွေတိုးချဲ့တည်ဆောက်နိုင်မယ်ဆိုရင် ပြည်တွင်းမှာ နို့ထွက်ပစ္စည်းတွေ ဖူလုံလာနိုင်ပြီး ပြည်ပငွေသုံးစွဲမှုကို သိသိသာသာ လျှော့ချနိုင်မှာဖြစ်ပါတယ်။**

အနာဂတ်မှာ မြန်မာနိုင်ငံရဲ့ နို့စားနွားမွေးမြူရေးလုပ်ငန်း ဘယ်လိုပုံစံရှိလာနိုင်မလဲဆိုတာကို စိတ်ကူးကြည့်ရင် ကျေးလက်ဒေသမှာ မွေးမြူရေးလုပ်ငန်းဟာ သားသမီးတွေကို ပညာသင်ပေးနိုင်တဲ့ ဝင်ငွေဖြစ်လာနိုင်တယ်။ တစ်နိုင်ငံလုံးမှာ နို့နဲ့နို့ထွက်ပစ္စည်းတွေ ပေါများလာနိုင်တယ်။ ပြည်ပကတင်သွင်းနေရတာတွေ လျော့ကျလာနိုင်တယ်။ ကလေးငယ်တွေရဲ့ အာဟာရဖွံ့ဖြိုးမှု ပိုမိုအားကောင်းလာနိုင်တယ်။ ဒါပေမယ့် အဲဒီအိပ်မက်တွေ အကောင်အထည်ပေါ်ဖို့ဆိုရင် ဒီကနေ့ကစပြီး လက်တွေ့လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

နို့တစ်ခွက်ရဲ့နောက်ကွယ်က တန်ဖိုးကွင်းဆက်ဟာ ကြီးမားကျယ်ပြန့်ပါတယ်။ အဲဒီထဲမှာ နို့စားနွားတစ်ကောင်ရဲ့တန်ဖိုး၊ တောင်သူတစ်ယောက်ရဲ့ မျှော်လင့်ချက်နဲ့ ကလေးငယ်တွေရဲ့ အပြုံးတွေ ပါဝင်နိုင်သလို အာဟာရလိုအပ်နေသူတွေအတွက် ခွန်အားတွေ ပါဝင်ပါတယ်။ ဒါကြောင့် နောက်တစ်ခါ နို့တစ်ခွက်သောက်တဲ့အခါ ဒီအကြောင်းတွေကို သတိရပြီး သောက်ဖြစ်ဖို့ တိုက်တွန်းချင်ပါတယ်။ ။

စိုက် ပျိုး စွမ်း အား ပြည် ထွန်း ကား ၊ ထုတ် ကုန် နှစ် ဆ တိုး မြှင့် ကြ

❒ ရှေ့ဖုံးမှ

အဖွဲ့ဝင်များသည် နီးစပ်ရာ တပ်စခန်းများရှိ တာဝန်ရှိသူများ ထံ သတင်းပို့၍ ဥပဒေဘောင် အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည် ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက ကြိုဆိုလက်ခံ ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘ အုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရှိ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ် ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ငွေး နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည် တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများ နှင့်ပတ်သက်၍ အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့ နှင့်အတူပါရှိလာသည့် လက်နက် မျိုးစုံ ၃၁ လက်နှင့် လက်ပစ်ဗုံး/ ဗုံးသီး ၄၈ လုံး၊ စကားပြောစက် ၁ လုံး၊ ကျည်အိမ်မျိုးစုံ ၃၅ ခု၊ ကျည်မျိုးစုံ ၁၂၉၈ တောင့်၊ မိုင်း မျိုးစုံ ၃ လုံးတို့အား လွှဲပြောင်း အပ်နှံရာ တိုင်းမှူးက လက်ခံရယူ သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန် ရိုင်ဖယ်သေနတ် တစ်လက်အတွက် ဆုကြေးငွေ ကျပ်သိန်း ၅၀ နှုန်း၊ လက်လုပ် သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ၅ သိန်းနှုန်း၊ လက်ပစ်ဗုံး/ ဗုံးသီး တစ်လုံးစီ အတွက် ဆုကြေးငွေကျပ် ၃ သိန်း နှုန်း၊ စကားပြောစက်တစ်လုံး အတွက် ဆုကြေးငွေကျပ် ၂ သိန်း နှုန်းနှင့် အလင်းဝင်ရောက်လာသူ များအား တစ်ဦးလျှင် ငွေကျပ် ၁ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၇၁၂ သိန်းနှင့် ထောက်ပံ့ပစ္စည်း များကိုပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများအား ခံဝန် ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ် တကျ ပြန်လည်လွှဲပြောင်းအပ်နှံ ပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိ သူများက ဥပဒေဘောင်အတွင်းပြန် လည်ဝင်ရောက်လာသူများမှအပ်နှံ ထားသော လက်နက်ခဲယမ်းများ အား ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)**



တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသ တည်ငြိမ်အေးချမ်းရေးကို အမှန် တကယ်လိုလားကြသည့် ဥပဒေ ဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား မိဘ အုပ်ထိန်းသူများထံ လွှဲပြောင်း အပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်း ဒေသကြီး အောင်မြေသာစံမြို့နယ် မှ အမျိုးသား ၅၈ ဦး၊ အမျိုးသမီး ငါးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသားလေးဦး၊ ချမ်းမြသာစည် မြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး သုံးဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး သုံးဦး၊ မြစ်သားမြို့နယ်မှ အမျိုးသား တစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင် မြို့နယ်မှ အမျိုးသားနှစ်ဦး၊ နောင်ချို မြို့နယ်မှ အမျိုးသား လေးဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီး ကိုးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး တစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၁၃၈ ဦး၊ အမျိုးသမီး ၁၅ ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး လေးဦး၊ မိုးမိတ် မြို့နယ်မှ အမျိုးသား ၁၃ ဦး၊ ကျောက်ပန်းတောင်း မြို့နယ်မှ အမျိုးသား လေးဦး၊ မြင်းခြံမြို့နယ် မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး တစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသား သုံးဦး၊ ဆိပ်ဖြူမြို့နယ်မှ အမျိုးသား တစ်ဦး၊ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ မင်းလှမြို့နယ် မှ အမျိုးသား နှစ်ဦး၊ မင်းတုန်း မြို့နယ်မှ အမျိုးသား ရှစ်ဦး၊ ပခုက္ကူ မြို့နယ်မှ အမျိုးသား ၁၄ ဦး၊ ရေနံချောင်းမြို့နယ်မှ အမျိုးသား တစ်ဦး စုစုပေါင်း အမျိုးသား ၄၇၀ နှင့် အမျိုးသမီး ၄၇ ဦး ပေါင်း ၅၁၇ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင် အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်း အဓမ္မ စုဆောင်းခံကြရသူများ ဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့ များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော် ၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့်တပ်မတော် ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူ များအား ပြန်လည်ကြိုဆိုလက်ခံ ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ် ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆို လက်ခံကာ လိုအပ်သည့် ကူညီ ထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေ များ ထိုက်တန်စွာ ပေးအပ်သွား မည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင် ရောက်လာကြသူများ၏ ရင်တွင်း စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ MDY-PDF တွေ ကျွန်တော်တို့ သပိတ်ကျင်းမြို့နယ်ထဲ ဝင်ရောက် လာတဲ့အခါမှာ တစ်အိမ် တစ်ယောက်အနေနဲ့ မဖြစ်မနေ ဝင်ရမဲ့စနစ်လို့ သူတို့ပြောတယ်။ ပြောတဲ့အခါမှာ ကျွန်တော်တို့ တကယ်လို့မဝင်ရင် မိသားစုတွေ ကို အန္တရာယ်ပေးမယ်၊ ဒုက္ခပေး မယ်ဆိုလို့ ကျွန်တော်တို့ဝင်ခဲ့ ရပါတယ်။ ရောက်တဲ့အချိန်မှာ သင်တန်းကာလမှာ ကျွန်တော် တို့ကို ငှက်ပျောတောဆိုတဲ့နေရာ ကိုပို့ပါတယ်။ ငှက်ပျောတောက နေပြီးတော့ သတ္တုတွင်းဆိုတဲ့ နေရာကို ပို့ပါတယ်။ သတ္တုတွင်း ကနေပြီးတော့ ရှမ်း(မြောက်)ကို ရောက်ပါတယ်။ ကျွန်တော်တို့ရတဲ့ ပိုက်ဆံတွေကိုလည်း အထက် အရာရှိကို ပြန်ပေးဆောင်ရတာ




ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့က ပြည်သူတွေအတွက် သုံးတာ မတွေ့ရပါဘူး။ သူတို့ ကိုယ်ကျိုး ကောင်းစားဖို့အတွက်ပဲ သုံးတာ တွေကို ကျွန်တော်တို့ တွေ့ရှိခဲ့ပါ တယ်။ တချို့ ညီငယ် ညီမငယ် တွေကိုလည်း ရောင်းစားတာတွေ လည်းရှိတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ အဲ့ဒီစနစ်ကို မကြိုက် လို့ အဲ့ဒီမှာလည်း မနေချင်လို့ ထွက်ပြေးခဲ့တာလည်း ဖြစ်ပါ တယ်။ အဖွဲ့အစည်းကနေ ထွက်ပြေးလာတဲ့အချိန်မှာ အခု တပ်မတော်ထံမှာ အလင်းလာဝင် တာပဲဖြစ်ပါတယ်။ တပ်မတော် ထံမှာ အလင်းလာဝင်တဲ့အချိန်မှာ လည်း တပ်မတော်က နွေးနွေး ထွေးထွေးကြိုဆိုပါတယ်။ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး အားလုံးအဆင်ပြေအောင် လုပ်ပေး ပါတယ်။ ညီအစ်ကိုလိုပဲ အားလုံး ကို ဆက်ဆံပါတယ်။ အဖွဲ့ထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေ သူငယ်ချင်းတွေလည်း တပ်မတော် ထံမှာ အလင်းလာဝင်ဖို့ ဖိတ်ခေါ် ပါတယ်။

၂။ အဖွဲ့အစည်းထဲရောက်သွားရ တာကတော့ အိမ်နဲ့အဆင်မပြေ တာနဲ့ သူငယ်ချင်းတွေဆီသွားရင်း နဲ့ သူငယ်ချင်းတွေက သူတို့နဲ့ လိုက်ခဲ့ ဟိုမှာ လုပ်ငန်းအဆင်ပြေ တယ်ပေါ့။ အစစအရာရာ အဆင်ပြေတယ်ဆိုပြီး ခေါ်သွား တယ်။ ဟိုမှာ အကြမ်းဖက်တွေဆီ ရောက်သွားတယ်။ အဲဒီလိုမျိုး ခေါ်သွားမယ်လို့လည်း မသိဘူး။ လုပ်ငန်း ကောင်းတယ်ဆိုပြီး ခေါ်သွားပြီး အကြမ်းဖက်ထဲမှာပဲ နေခိုင်းတယ်။ နေခိုင်းပြီးတော့ မနေရင် နင်တို့ကို တစ်ခုခုလုပ်မှာ၊ ငါတို့ ပို့င့်နေရာတွေသိသွားပြီ ဆိုတော့ ကျွန်တော်တို့ကို မပြန် ခိုင်းဘူး။ မပြန်ခိုင်းဘဲနဲ့ သင်တန်း တစ်လလောက် ပေးတယ်။ သင်တန်းမှာလည်း ထမင်းနပ်မှန် အောင် မစားခဲ့ရဘူး။ သင်တန်း ပြီးတော့ ရှေ့တိုမှာ တာဝန်ကျ တယ်။ ကျွန်မတို့ကို နောက်တန်း မှာထားတယ်။ ရှေ့တန်းက ထိခိုက် ဒဏ်ရာရသူတွေနဲ့ ထားတယ်။ ထိခိုက်ဒဏ်ရာရသူတွေကို ထမင်း ချက်ကျွေးရတယ်။ သူတို့ရဲ့ ဝေယျာဝစ္စတွေ လုပ်ခဲ့ရတယ်။ ပြည်သူတွေဆီက လက်နက် ခဲယမ်းဖိုး တစ်နေ့ကို သိန်း ၂၀၀




လောက်ကောက်တယ်။ အလှူ ငွေရတယ်။ ဘာလုပ်လဲဆိုတော့ သူတို့ကောင်းစားဖို့၊ သူတို့မိသားစု အတွက်ပဲ လုံးပန်းတယ်။ နောက်တန်းက ရဲဘော်တွေကို တစ်ယောက်မှ လှည့်မကြည့်ခဲ့ဘူး။ ကျွန်တော်တို့ဆို ထမင်းငတ်တဲ့ နေ့တွေလည်းရှိတယ်။ ထမင်း ပုံမှန်မစားခဲ့ရဘူး။ ရှေ့တန်းက ထိလာတဲ့ ရဲဘော်တွေလည်း အများကြီးပဲ။ သူတို့ဆိုလည်း ကျန်းမာရေးမကောင်းရင်တောင် မှ သူတို့ဘာသာသူတို့ ပေတေနေ ခဲ့ရသူတွေလည်းရှိတယ်။ ဒါပေမယ့် သူတို့က လုံး၀(လုံး၀) လှည့်မကြည့် ခဲ့ဘူး။ သူတို့ကျတော့ ကား အကောင်းစားကြီးတွေ စီးတယ်။ သူတို့ မိသားစုတွေနဲ့ သွားလာ ပျော်ပါးတယ်။ အဲဒီလိုတွေ ရှိတယ်။ ကျွန်တော်တို့ဖြစ်ချင်တဲ့ ဆန္ဒလည်းမမေးဘူး။ အခွင့်အရေး ဆိုတာလည်း မရှိခဲ့ဘူး။ မိဘက အဆင်မပြေလို့ ထောက်ပံ့ချင် ရင်တောင်မှ သူတို့ကမပေးဘူး။ ထိခိုက်ဒဏ်ရာ ရနေသူတွေကို စောင့်ရှောက်ခိုင်းတယ်။ သူတို့ ကိုယ်တိုင်လည်း လုပ်မပေးဘူး။ ပြီးရင်ဆေးဝါးတွေလည်း မပြည့်စုံ ဘူး။ ကျွန်တော်တို့နဲ့ပဲ ပစ်ထား တယ်။ သူတို့သွားချင်ရာသွား တယ်။ တစ်ခါတလေမှ ကျွန်တော် တို့ဆီလာတယ်။ လာပြီးတော့ လည်း ဆူငေါက်သွားတယ်။ အာဏာတွေ သုံးပြီးတော့ မိန်းကလေး နှစ်ယောက်၊ ကျွန်တော် တို့ထဲကပဲ မိဘတွေကလည်း ကျန်းမာရေး ချို့တဲ့၊ အိမ်နဲ့ လည်း မဆက်သွယ်ခိုင်းဘူး။ ဖုန်းတွေလည်း သိမ်းထားတယ်။ သူတို့ထွက်ပြေးတယ်။ ထွက်ပြေး တဲ့အချိန် သူတို့နှစ်ယောက် ပြန်မိလာတယ်။ မိလာတော့ ညှဉ်းပန်းနှိပ်စက်တယ်။ ကိုယ်ဝန် သည်ကိုလည်း ကိုယ်ဝန်သည်မို့ မညှာဘူး၊ ညှဉ်းပန်းနှိပ်စက်တယ်။ ညှဉ်းပန်းနှိပ်စက်ပြီးတော့ သူတို့ကို ထောင်ထဲထည့်တယ်။ ထောင်ထဲ ထည့်တော့လည်း၊ ထောင်ထဲမှာ လည်း သူတို့မကျေမနပ်ချင်း သူတို့ကိုရိုက်တယ်။ အဲဒါ ကျွန်တော် ကလည်း သူတို့အကြမ်းဖက် နှိပ်စက်မှုတွေကို မခံနိုင်လို့ ကျွန်တော်လည်း ဒီဘက်ကို အလင်းဝင်လာတဲ့ သူငယ်ချင်း တွေနဲ့ ချိတ်ဆက်ပြီးတော့ တပ်မတော်မှာလာပြီး အလင်း ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော့် လိုမျိုး အသက်မပြည့်သေးတဲ့ ညီငယ် ညီမငယ်တွေလည်း အဖွဲ့ အစည်းထဲမှာ ကျန်နေပါသေး တယ်။ သူတို့လည်း ကျွန်တော် တို့လိုပဲ အလင်းဝင်ချင်ပါတယ်။ သူတို့လေးတွေ အလင်းဝင်နိုင်ဖို့ အတွက် သက်ဆိုင်ရာ လူကြီးမင်း တွေကိုလည်း အကူအညီတောင်း ချင်ပါတယ်။ ကျွန်တော်လည်း နောက်နောင် အကြမ်းဖက် အဖွဲ့အစည်းတွေနဲ့ မပတ်သက် တော့ပါဘူးလို့ ကတိပေးပါတယ်။

၃။ ကျွန်တော်တို့အဲဒီအဖွဲ့အစည်း ထဲရောက်သွားတဲ့အကြောင်းရင်း ကတော့ ကျွန်တော်တို့မြို့ကို သိမ်းပြီးတော့ ကျွန်တော်တို့ကို TNLA ကနေပြီးတော့ စစ်မှုထမ်း ခေါ်တယ်။ စစ်မှုထမ်းခေါ်တဲ့ အချိန်ကျတော့ မဖြစ်မနေစစ်မှု ထမ်းရမယ်။ အဲဒီလိုပြောတဲ့အချိန် မှာ ကျွန်တော်တို့ကလည်း ရှင်းရှင်းပြောရရင် စစ်မှုမထမ်း ချင်ဘူး။ အဲဒီအချိန်မှာ ကျွန်တော် တို့ကို ပကဖအဖွဲ့အစည်းက နေပြီးတော့ ဒီအဖွဲ့အစည်းထဲ ဝင်လာခဲ့ပါ။ ဒီအဖွဲ့အစည်းထဲ ဝင်ပြီးသွားရင် မင်းတို့ကို စစ်မှု လည်း မထမ်းခိုင်းတော့ဘူး။

*စာမျက်နှာ ၁၃ သို့*

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ရန်ကုန်အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမုခ်ဦး အဝင်လမ်း၊ ရေမြောင်း၊ ပလက်ဖောင်းနှင့် မြေယာရှုခင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ရန်ကုန်အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမမုခ်ဦးအဝင်လမ်း၊ ရေမြောင်း၊ ပလက်ဖောင်း၊ မြေယာရှုခင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အထူးကုဆေးရုံသစ်ကြီးတည်ဆောက်ရေး လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)က ဆက်လက်ဆောင်ရွက်မည့် မြို့ပြ/ ရေသန့်/ လျှပ်စစ် လုပ်ငန်းအစီအစဉ်များ၊ JICA အဖွဲ့အစည်းနှင့် တည်ဆောက်ရေးလုပ်ငန်း ပစ္စည်းများ လွှဲပြောင်းလက်ခံဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် အသေးစိတ်တို့ကို ရှင်းလင်းတင်ပြရာ အဆောက်အအုံဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခချုပ်/ဆေးရုံအုပ်ကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဆေးရုံအဆောက်အအုံဆိုင်ရာ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ခတ်ရောင်ခြည် လုံခြုံမှုအပါအဝင် အဆောက်အအုံအရည်အသွေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်သွားရန်၊ လက်ရာသေသပ်ကောင်းမွန်စေရန် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ပေးသွားရန်၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက နှလုံး၊ ဦးနှောက်နှင့် အာရုံကြောလူနာရှင်များအတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်းဆုံးကုသမှုပေးနိုင်မည့် ဆေးရုံသစ်ကြီးဖြစ်လာမည်ဖြစ်၍ အချိန်မီပြီးစီးအောင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်သွားရန်မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမုခ်ဦးနှင့် မုခ်ဦးအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ ရေမြောင်း/ပလက်ဖောင်း ပြုလုပ်ခြင်း၊ ရေထုတ်မြောင်း၊ လမ်းဆေးအမှတ်အသားများရေးဆွဲခြင်းနှင့် စိန်ရတုခန်းမအဝင်၊ အထွက် လမ်းဝဲ/ယာ မြေယာရှုခင်းဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မုခ်ဦးအဝင်သံပန်းတံခါးနှင့် ဝင်ပေါက်ဝဲ/ယာတွင်လည်း မြေယာရှုခင်းလုပ်ငန်းများ ဆောင်ရွက်ထားရန်၊ လမ်းများခင်းရာတွင်လည်း သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၂၄-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၃ ~ ၃၆၆၈ | ၅၃၈.၁ ~ ၅၃၈.၆ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၁,၂၅၆,၁၃၇.၆၀ | ၁၇,၃၀၀,၇၁၃.၆၀ | ၇,၅၄၅,၄၉၄.၁၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ၊ စားသုံးကုန်စည်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၅၉ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၃၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

*○ ကျောဖုံးမှ*

အဆိုပါခြေစမ်းကစားပွဲသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း ၊ ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် ပြည်နယ်ဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

- **အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။**
- **အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။**

*စာမျက်နှာ ၁၂ မှ*

မင်းတို့ ထွက်ချင်တဲ့အချိန် ပြန်ထွက်လို့ရတယ် ဆိုပြီးတော့ ကျွန်တော်တို့ကို အယုံသွင်းပြီး လိမ်ခေါ်လာခဲ့တယ်။ ကျွန်တော်တို့ ပြန်ထွက်မယ်ပြောတော့ သူတို့က ပေးလည်းမထွက်တော့ပါဘူး။ ထွက်ချင်ရင် တစ်ယောက် ၁၀ သိန်း ပေးရမယ်ဆိုပြီး ကျွန်တော်တို့ကို ပြောပါတယ်။ သင်တန်းကို သုံးလခွဲတက်ရပါတယ်။ သင်တန်းတက်တဲ့အချိန် တောထဲ တောင်ထဲမှာဆိုတော့ အနေဆင်းရဲတယ်။ စားတဲ့အခါကျတော့လည်း ထမင်းအသိုးတွေနဲ့လည်း စားခဲ့ရတယ်။ လုံးဝမစားရတဲ့ရက်တွေလည်းရှိတယ်။ ကျွန်တော်တို့ကိုကျတော့ အမြဲတမ်း အပြစ်မရှိ အပြစ်ရှာပြီးရိုက်တယ်။ ရိုက်ပြီး မိုက်မိုက်ရိုင်းရိုင်းလည်း ဆဲပါတယ်။ ကျွန်တော်တို့ သင်တန်းဆင်းပြီးတော့ မိုးကုတ်မှာပဲ တာဝန် ထမ်းဆောင်ရတယ်။ ကျွန်တော်က အသက်မပြည့်သေးတဲ့အတွက် သူတို့က ရှေ့တန်းကို မထွက်ခိုင်းဘူး။ နောက်တန်းမှာပဲ သူတို့အတွက် အလှူခံပြီး ပိုက်ဆံရှာပေးရတယ်။ ပြည်သူတွေဆီက အလှူခံထားတဲ့ ငွေတွေကိုလည်း သူတို့တွေက အလွဲသုံးစားလုပ်တယ်။ အောက်က ရဲဘော်တွေကို မကြည့်ကြဘူး။ ပြီးရင် မူးယစ်ဆေးသုံးတဲ့သူတွေလည်းရှိတယ်။ ခေါင်းဆောင်ပိုင်းထဲက အဲဒီလိုမျိုး ပြည်သူတွေဆီက အလှူခံထားတဲ့ ငွေကိုလည်း သူတို့အပျော်အတွက် သုံးကြတယ်။ ကျွန်တော်တို့ အဘွားအရွယ်လောက်ရှိတဲ့ အမေအိုကြီးကို သူတို့ယောကျ်ားသားတွေ နှစ်ယောက် သုံးယောက်လောက်က ဘာမှမဟုတ်တဲ့ကိစ္စတွေနဲ့ သက်သေမခိုင်လုံတဲ့ ကိစ္စတွေနဲ့ ပတ်သက်လို့ သူတို့ချုပ်နှောင်တယ်။ ပြီးတော့ ဖိနပ်တွေနဲ့ ဝိုင်းရိုက်တာမျိုးတွေလည်း ရှိတယ်။ ကျွန်တော်တို့လည်း သူတို့ရဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေကြည့်ပြီး ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ရက်လာတယ်။ ပြီးတော့ ကျွန်တော်တို့ အလွန်မှားနေပြီထင်ပြီး ကျွန်တော်တို့ တပ်မတော်ထံ အလင်းဝင်လာတယ်။ အလင်းဝင်လာတဲ့ အခါမှာလည်း တပ်မတော်မှ တာဝန်ရှိသူတွေက ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတယ်။ လိုလေသေးမရှိအောင် ထားပါတယ်။



ပြီးတော့ မကြာခင်မှာ ကျွန်တော်တို့မိဘတွေနဲ့ ပြန်တွေ့ရတော့မှာပါ။ တောထဲမှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေလည်း မိသားစုတွေနဲ့ ပြန်တွေ့ကြဖို့ တပ်မတော်ထံ အလင်းဝင်ကြဖို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များမှသာ လွတ်ကျောင်းခြင်းပြုရန်၊ လုပ်ငန်းခွင်တွင် အသုံးပြုရန်နှင့်သယ်ယူပို့ဆောင်ရန်၊

( ၂ ) မွေးမြူထားသော တိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရှိရန်၊

( ၃ ) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

( ၄ ) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

( ၅ ) မွေးမြူရေးခြံများတွင် လေဝင်လေထွက် ကောင်းမွန်စွာထားရှိရန်နှင့် နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုမရှိစေရန်အတွက် စီမံထားရှိရန်၊

( ၆ ) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စိုမြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

( ၇ ) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

( ၈ ) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

( ၉ ) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အစ္စရေး-လက်ဘနွန် အပစ်အခတ်ရပ်စဲရေးသက်တမ်းတိုးရန် သဘောတူ

**နယူးယောက် မေ ၂၄**

အစ္စရေးနှင့် လက်ဘနွန်တို့သည် လွန်ခဲ့သည့် တစ်ပတ်က စတင်အသက်ဝင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးကာလကို သက်တမ်းတိုးရန် သဘောတူညီခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၂၃ ရက်တွင် ပြောကြားသည်။




ထရမ့်က အဆိုပါ အပစ်အခတ်ရပ်စဲရေးကာလမှာ သုံးပတ်ကျော်အထိ ကြာမြင့်နိုင်ကြောင်း၊ လက်ဘနွန်နှင့် အစ္စရေးတို့မှ အဆင့်မြင့်အရာရှိများပါဝင်သည့် အစည်းအဝေးကြီးတစ်ရပ် ကျင်းပခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။

လာမည့် ရက်သတ္တပတ်အနည်းငယ်အတွင်း လက်ဘနွန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ အိမ်ဖြူတော်၌ တွေ့ဆုံနိုင်မည်ဟု ရည်မှန်းထားကြောင်းလည်း ၎င်းက ဆိုသည်။

မူလအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မှာ ၁၀ ရက်ဖြစ်သည်။ တိုက်ပွဲများ အပြီးတိုင် အဆုံးသတ်ရေးအတွက် အမေရိကန်က ဆက်လက်စေ့စပ် ညှိနှိုင်းပေးလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## လောင်စာဆီဖူလုံရေးအတွက် နယူးဇီလန်နှင့် ဩစတြေးလျတို့ ဆွေးနွေး

**ဝယ်လင်တန် မေ ၂၄**

နယူးဇီလန်နှင့် ဩစတြေးလျတို့သည် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်း၏ စီးပွားရေးသက်ရောက်မှုများကို ရင်ဆိုင်ဖြေရှင်းရန်နှင့် ပြည်တွင်းဘတ်ဂျက်ဖိအားများ လျှော့ချရန်အတွက် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း နယူးဇီလန်ဘဏ္ဍာရေးဝန်ကြီး နီကိုလာဝီလစ်က မေ ၂၄ ရက်တွင် ပြောကြားသည်။

နယူးဇီလန်ဘဏ္ဍာရေးဝန်ကြီးသည် ဘရစ်စဘိန်းမြို့၌ ကျင်းပသည့် နှစ်ပတ်လည် နယူးဇီလန်-ဩစတြေးလျ ဆွေးနွေးပွဲသို့ ဩစတြေးလျဘဏ္ဍာရေးအကြီးအကဲ ဂျင်ချာမာစ်နှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့် လောင်စာဆီဈေးနှုန်းဖိအားကို ကိုင်တွယ်ဖြေရှင်းရန်၊ ထောက်ပံ့ရေးကွင်းဆက်များ အားကောင်းလာစေရန်နှင့် နှစ်နိုင်ငံစလုံး၏ စီးပွားရေးကို ထိခိုက်နိုင်သည့် ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများအပေါ် ညှိနှိုင်းတုံ့ပြန်ခြင်းတို့ကို အဓိကထားဆွေးနွေးခဲ့ကြသည်။

ထို့အပြင် လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်းနှင့် ပစိဖိတ်ကျွန်းနိုင်ငံများသို့ ကုန်ပစ္စည်းပို့ဆောင်မှုဈေးနှုန်းများအပေါ် သက်ရောက်မှုများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ အပါအဝင် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အကူအညီများ ဆက်လက်ပေးအပ်ရေးကိုလည်း သဘောတူခဲ့ကြသည်။

**ဆင်ဟွာ**

## မက်တာနှင့် မိုက်ခရိုဆော့ဖ်တို့ ဝန်ထမ်းထောင်ပေါင်းများစွာ လျှော့ချရန် စီစဉ်

**ဝါရှင်တန် မေ ၂၄**

နည်းပညာကုမ္ပဏီကြီးများဖြစ်သည့် မက်တာပလက်ဖောင်း (Meta Platforms) နှင့် မိုက်ခရိုဆော့ဖ် (Microsoft) တို့သည် ဝန်ထမ်းထောင်ပေါင်းများစွာကို လျှော့ချရန်စီစဉ်နေကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။ ကုမ္ပဏီနှစ်ခုစလုံးသည် AI ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားသဖြင့် ကုန်ကျစရိတ်များကို လျှော့ချရန် လိုအပ်လာကြောင်း ဆိုသည်။

ဘလွန်းဘာ့ဂ် (Bloomberg) နှင့် အခြားမီဒီယာများ၏ အစီရင်ခံချက်များအရ မက်တာသည် မေလအတွင်း ဝန်ထမ်း ၈၀၀၀ ခန့်ကို လျှော့ချမည်ဟု သိရသည်။ ယင်းပမာဏသည် ကမ္ဘာလုံးဆိုင်ရာ လုပ်သားအင်အား၏ ၁၀ ရာခိုင်နှုန်းခန့်ဖြစ်သည်။ ထို့ပြင် ကုမ္ပဏီအနေဖြင့် ရာထူးလစ်လပ်နေရာ ၆၀၀၀ ခန့်ကို မဖြည့်ဘဲ ချန်ထားမည်ဖြစ်ကြောင်းလည်း ဆိုသည်။ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များကို ထိန်းညှိနိုင်ရန် ဝန်ထမ်းလျှော့ချမှုများ မဖြစ်မနေလိုအပ်ကြောင်း မက်တာက ထုတ်ပြန်ထားသည်။




မိုက်ခရိုဆော့ဖ်သည်လည်း ဝန်ထမ်း ၈၇၀၀ ခန့် (ကုမ္ပဏီ၏ အမေရိကန်ပြည်တွင်း လုပ်သားအင်အား၏ ၇ ရာခိုင်နှုန်းခန့်) အား စေတနာအလျောက် အငြိမ်းစားယူနိုင်ရန် အစီအစဉ်များကို ကမ်းလှမ်းလျက်ရှိသည်။ ဝန်ထမ်းများအား ဆန္ဒအလျောက် လစာပေးကာ အလုပ်လျှော့ချခြင်းသည် ကုမ္ပဏီသမိုင်းတစ်လျှောက် အကြီးမားဆုံး အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြထားသည်။

အမေရိကန် နည်းပညာကုမ္ပဏီများတွင် ဝန်ထမ်းလျှော့ချမှုများသည် တဖြည်းဖြည်း သိသာထင်ရှားလာသည့် လမ်းကြောင်းတစ်ရပ်ဖြစ်လာသည်။ အမေဇုန် (Amazon) သည်လည်း ကမ္ဘာတစ်ဝန်းရှိ အလုပ်အကိုင် ၁၆၀၀၀ ခန့်ကို လျှော့ချရန် စီစဉ်နေကြောင်း ဇန်နဝါရီလက ကြေညာထားသည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန် အိုကလာဟိုးမားပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်၍ ၁၀ ဦးခန့် ဒဏ်ရာရ

**လော့စ်အိန်ဂျလိစ် မေ ၂၄**

အမေရိကန်ပြည်ထောင်စုမြောက်ပိုင်း အိုကလာဟိုးမားပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဒဏ်ရာရရှိသူ ၁၀ ဦးခန့်ရှိကြောင်း ဒေသခံအရာရှိများက မေ ၂၃ ရက်တွင် ပြောကြားသည်။

လူဦးရေ ၅၀၀၀၀ ခန့်ရှိသည့် အီနစ်ဒ်မြို့၏ အစိတ်အပိုင်းအချို့ကို လေဆင်နှာမောင်းက ဖြတ်ကျော်သွားခဲ့ပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ အိုကလာဟိုးမားစီးတီး၏ မြောက်ဘက် ၁၂၉ ကီလိုမီတာအကွာရှိ ဗန့်စ်လေတပ်စခန်းကိုလည်း ထိခိုက်ခဲ့သည်။ လူသေဆုံးမှုရှိ၊ မရှိကိုမူ အတည်မပြုနိုင်သေးပေ။

လေဆင်နှာမောင်းများတိုက်ခတ်ပြီး နာရီပိုင်းအတွင်း ဒဏ်ရာရသူစာရင်းထွက်ပေါ်လာခဲ့သည်။ ဒေသတွင်းသတင်းများအရ လေဆင်နှာမောင်းဒဏ်ခံရသည့် ဧရိယာအတွင်း အဆောက်အအုံများ၏ အမိုးများလန်ကာ လျှပ်စစ်မီးတိုင်များလည်း ပြိုလဲခဲ့သည်။

**ဆင်ဟွာ**

## ဂျပန်တွင် ငွေကြေးဖောင်းပွမှု မတ်လအတွင်း သိသိသာသာမြင့်တက်လာ

**တိုကျို မေ ၂၄**

စားသောက်ကုန်စရိတ်များ သိသိသာသာမြင့်တက်လာမှုကြောင့် ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် မတ်လအတွင်း အရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့သည်။ စားသုံးကုန်ဈေးနှုန်းအညွှန်းကိန်း (CPI) သည် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၁ ဒသမ ၈ ရာခိုင်နှုန်း တက်လာခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မေ ၂၄ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ စားသောက်ကုန်စရိတ်မြင့်တက်မှုသည် ဖေဖော်ဝါရီလတွင် ၁ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ မတ်လတွင် ၀ ဒသမ ၂ ရာခိုင်နှုန်း ထပ်မံမြင့်တက်လာခဲ့သည်။ အောက်တိုဘာလနောက်ပိုင်းမှစတင်ကာ ပထမဆုံးအကြိမ်အဖြစ် စားသောက်ကုန်စရိတ်များ အရှိန်အဟုန်ဖြင့် မြင့်တက်လာခြင်းဖြစ်သည်။

စားသောက်ကုန်စရိတ်များ မြင့်တက်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဓာတ်ဆီဈေးနှုန်းများလည်း မြင့်တက်လာခဲ့သည်။

သိုလှောင်ထားနိုင်သည့် အစားအစာများ၏ ဈေးနှုန်းများသည် ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် ၅ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး ဆက်လက် မြင့်တက်နေဦးမည့် အခြေအနေရှိနေကြောင်း အစီရင်ခံချက်များတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

## အရှေ့ဘက်ကမ်းရိုးတန်းရောက် ရွှေ့ပြောင်းနေထိုင်သူ ၄၀၄ ဦးကို လစ်ဗျားလခြမ်းနီအသင်း ကယ်ဆယ်

**ထရီပိုလီ မေ ၂၄**

လစ်ဗျားနိုင်ငံ မြို့တော် ထရီပိုလီ၏ အရှေ့ဘက် ကီလိုမီတာ ၁၆၀၀ ခန့်အကွာ တိုဗရွတ်မြို့ အရှေ့ဘက်ရှိ မြေထဲပင်လယ်၌ ရေနစ်မြုပ်မှုအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည့် ရွှေ့ပြောင်းနေထိုင်သူ ၄၀၄ ဦးကို တိုဗရွတ်အသင်းခွဲက ကယ်ဆယ်နိုင်ခဲ့ကြောင်း လစ်ဗျားလခြမ်းနီအသင်းက မေ ၂၃ ရက်တွင် ပြောကြားသည်။



အဆိုပါအသင်းက ကယ်ဆယ်ရေးလုပ်ငန်းများကို မိတ်ဖက်ဖြစ်သည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့်အတူ လုပ်ဆောင်ခဲ့ကြောင်း လူမှုကွန်ရက်ပေါ်တွင် ဖော်ပြထားသည်။

နိုင်ငံသားပေါင်းစုံပါဝင်သည့် ရွှေ့ပြောင်းနေထိုင်သူများကို ၎င်းတို့၏ အသက်အန္တရာယ် ထိခိုက်စေနိုင်သည့် ဆိုးရွားသောအခြေအနေများနှင့် ရင်ဆိုင်နေရချိန်တွင် လှေ ၁၀ စင်းပေါ်မှ ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လစ်ဗျားလခြမ်းနီ အသင်းဝင်များသည် ရွှေ့ပြောင်းနေထိုင်သူများ ရောက်ရှိလာချိန်တွင် ချက်ချင်းဆေးကုသမှုပေးခြင်းနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့ကြောင်း အဆိုပါအသင်းက ပြောကြားသည်။

မကြာသေးမီရက်များအတွင်း လစ်ဗျားနိုင်ငံမှ ဥရောပတောင်ပိုင်းသို့ အန္တရာယ်ရှိသည့် ပင်လယ်ဖြတ်ကူးမှုကို ကြိုးပမ်းကြခြင်းကြောင့် ရွှေ့ပြောင်းလှေများပျက်စီးနစ်မြုပ်မှု တိုးမြင့်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် ယခုအချိန်အထိ ရွှေ့ပြောင်းနေထိုင်သူ ၄၄၀၇ ဦးကို တားဆီးခဲ့ပြီး လစ်ဗျားနိုင်ငံသို့ ပြန်ပို့ခဲ့ကြောင်း၊ ထို့ပြင် ယင်းကာလအတွင်း မြေထဲပင်လယ်အလယ်ပိုင်း ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် ရွှေ့ပြောင်းနေထိုင်သူ ၇၇၂ ဦးမှာ သေဆုံးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံတကာ ရွှေ့ပြောင်းသွားလာနေထိုင်သူများအဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ်အတွင်း မူးယစ်ဆေးဖြတ်ပြီးသူဦးရေ ၁၅၀ ကျော်အား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့

**တာမွေ ဧပြီ ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ပြန်လည်ထူထောင်ရေးစခန်းအသီးသီးတွင် မူးယစ်ဆေး ဖြတ်ပြီးနောက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ) ဗဟိုရုံး၌ ၂၀၂၆ ခုနှစ်အတွင်း စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှု ခံယူပြီးသည့် မူးယစ်ဆေးဖြတ် သင်တန်းသားဦးရေ ၁၅၀ ကျော် ရှိကြောင်း ယနေ့ နံနက်ပိုင်းက အဆိုပါ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ) ဗဟိုရုံး မေတ္တာစံအိမ် ခန်းမ၌ ကျင်းပပြုလုပ်သည့် မူးယစ်ဆေးဖြတ် သင်တန်းဆင်း သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားမှ သိရသည်။



အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟို၏ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာ၌ အသုံးပြုရန်အတွက် ဦးဌေးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းတင့် မိသားစုက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ အသင်းမှ တာဝန်ရှိသူက လက်ခံရယူခဲ့သည်။ ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ အသီးသီး ပေးအပ်ခဲ့ကြပြီး မူးယစ်ဆေးဖြတ် သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုအနေဖြင့် မူးယစ်ဆေးစွဲလူနာများအား ရှာဖွေဖော်ထုတ်ခြင်း၊ ဆိုရှယ်မီဒီယာမှ ဆက်သွယ်လာသည့် မူးယစ်ဆေးစွဲလူနာများအား ဆေးရုံသို့ လွှဲပြောင်းညွှန်းပို့၍ ဆေးဖြတ်ပေးခြင်း၊ ဆေးရုံမှ ပြန်ဆင်းလာသည့်အခါ ပြန်လည်ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ထူထောင်မှုခံယူပြီးသူများအား နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို (၂၄) နာရီ ဝန်ဆောင်မှု ပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ်အတွင်း စုစုပေါင်း မူးယစ်ဆေးဖြတ် သင်တန်းသား ၁၅၆ ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်**
**(ပြန်/ဆက်)**

## လှည်းကူးမြို့၌ သစ်တောထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**လှည်းကူး ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စာဘူးတောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့ နံနက်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်က သစ်တော သစ်ပင်များအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအကြောင်း၊ တောမီးရှို့ခြင်း၊ လယ်ယာများ မီးရှို့ခြင်းများ မပြုလုပ်ရန်၊ မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု၏ ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့် သစ်တောများမှ ပေးစွမ်းနိုင်သောအကျိုးကျေးဇူးများအကြောင်းကို တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား အသိပညာပေး ဟောပြောသည်။



ထို့နောက် လှည်းကူးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက ကျေးရွာများအတွင်း အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန်နှင့် အမှိုက်မီးရှို့ခြင်းများ ဆောင်ရွက်ခြင်းမပြုဘဲ မြေဩဇာပြုလုပ်ရန်အတွက် နည်းစနစ်များနှင့် "မီးခိုးမြူငွေ့အန္တရာယ် ဝိုင်းဝန်းစုပေါင်း ဒို့ကာကွယ်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

**အိဇွေစင်လတ်(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ စားအုန်းဆီလက်လီဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များကို ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်း၍ ဧပြီ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင် (ပြန်/ဆက်)



အမရပူရမြို့နယ်အတွင်းရှိ စက်ရုံ အလုပ်ရုံနှင့် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံစေရေးအတွက် ဧပြီ ၂၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်နှင့် မီးသတ်တပ်ဖွဲ့များ ကွင်းဆင်းစစ်ဆေးစဉ်။

ဇော်ဘီ



## မော်လမြိုင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**မော်လမြိုင် ဧပြီ ၂၄**

မော်လမြိုင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သာယာအေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖြိုးသက်နိုင်က ဒေသခံပြည်သူ ၄၄ ဦးအား သစ်တောသစ်ပင်ပြုစုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့် အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့်ကြိုတင်ကာကွယ်နိုင်ရေး နည်းလမ်းများနှင့် သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းကြောင့် ရာသီဥတု ကောင်းမွန်လာစေခြင်း အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောခဲ့ပြီး အဆိုပါအကြောင်းအရာများနှင့်ပတ်သက်၍ ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ သစ်တောဦးစီးဌာန တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**




## ရေတာရှည်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ရေတာရှည် ဧပြီ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့အမှတ် (၃) ရပ်ကွက် ဓမ္မာရုံ၌ ကိုင်ဆောင်လက်မှတ်မရှိသော ပြည်သူများအား အစိုးရသစ်လက်ထက် ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ရေတာရှည်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ငူခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး၊ ရေတာရှည်မြို့နယ်ဦးစီးမှူး ဦးပိုက်စိုးတို့က ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်သည်။

ထို့နောက် မြို့ပေါ်ရပ်ကွက် (၁၇) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၈ အုပ်စုတို့မှ ကျန်ရှိနေသည့်ရပ်ကွက်နှင့် ကျေးရွာများတွင်လည်း ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် ဧပြီ ၂၄**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်




**နေပြည်တော် ဧပြီ ၂၄**

နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် အရာရှိကြီးများ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ဒိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ နွေရာသီကျောင်းပိတ်ရက် ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို တပ်နယ်အသီးသီးမှ တပ်နယ်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် (အထက်တန်းအဆင့်) ကျောင်းသား ကျောင်းသူ ရှစ်ဦး၊ (အလယ်တန်းအဆင့်) ကျောင်းသား ကျောင်းသူ ၁၂ ဦး၊ စုစုပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တန့်ယန်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၄**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က တန့်ယန်းမြို့နယ် တုန်ဟုန်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ အခြေပြု၍ ကျေးရွာရှိသံဃာတော် အပါး ၇၀ နှင့် ဒေသခံပြည်သူ ၇၂ ဦးတို့ကို အရေပြားရောဂါ၊ သွေးတိုးရောဂါ၊ အစာအိမ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရဲနွဲ့ကျေးရွာရှိ ဒက္ခိဏာရုံကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူ ၁၁၉ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်း ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မဟာအောင်မြေမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်နိုင်ရန် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများ ကွင်းဆင်းဆောင်ရွက်



**မန္တလေး ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ မင်္ဂလာဆေးရုံ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးဦးဆောင်၍ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ မင်္ဂလာဆေးရုံ၌ မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဝိုင်းဝန်း ကာကွယ် မီးဘေး အန္တရာယ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၄-၂၀၂၆ စနေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီးဆီပရိတ်တရားတော်(အင်္ဂုလိမာလသုတ်၊ တောရှူသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sports Info
**၀၈:၄၅** ဝက်များရောဂါကိုက်ကျက်ရေးနေ့အစီအစဉ်
**၁၀:၃၅** လူငယ်ရေးရာအစီအစဉ်
**၁၁:၁၀** ချစ်စရာ့အရွယ်ကစားကြမယ်
**၁၁:၄၀** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
**၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ **'အလင်းငေးမယ့် ဝယောင်းတိုင်'** (အပိုင်း-၁၀)
**၁၃:၃၀** MRTV National News
**၁၄:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသော နေ့ရက်များဆီသို့'** (အပိုင်း-၂၀)
**၁၆:၄၀** ပုံပြင်ကမ္ဘာအစီအစဉ်
**၁၇:၁၀** ရွှယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၃၅** The Sports Editor's Top Picks Of This Week
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'အလင်းငေးမယ့် ဝယောင်းတိုင်'** (အပိုင်း-၁၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၁၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၂၅** (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး အတီးပြိုင်ပွဲ(ဇာတ်တော်ကြီးပြိုင်ပွဲ) **'မဟာဇနကဇာတ်တော်ကြီး'** (ပထမဆု) (မင်းနိုင်စိုးဇာတ်အဖွဲ့)(မွန်ပြည်နယ်) (ဒုတိယပိုင်း)

**mitv**

**07:02** Evergreen Classic: Suvanna Sama (Hnin Yee Thant)
**07:10** Weekly Review
**07:27** Well-trained Elephants
**07:39** Myanmar Designer Studio: Chit Su
**08:01** News
**08:26** Lifestyle & Entertainment
**08:36** Discovering Tribes: Da Nu (Their Life and Customs) Part 2
**09:01** Quiz Time (Ep-108)
**10:01** News
**10:27** Children's Delight: Twelve Seasonal Festivals in Myanmar (Kason)

**ME**

**၀၆:၀၀** အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
**၀၆:၂၀** တိုင်းရင်းသားသီချင်း၊ အက(ရှမ်း)
**၀၆:၄၅** Let's Pang Pang (9)
**၀၇:၁၀** မြန်မာသံစဉ်တေးများ
**၀၇:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဝဲဘီဝက်ပါ'** (အပိုင်း-၅၂)
**၀၈:၃၀** ဝတ္ထုရီယိုတေးများ
**၀၈:၄၀** မြန်မာဇာတ်လမ်းတွဲ **'ဘုံဘွယ်ချစ်ပုံပြင်'** (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)
**၀၉:၁၅** ဘဝနှင့်အနုပညာ 'သကြံန်မိုးနဲ့ပွင့်လန်းခဲ့သောပန်းကလေး' (အပိုင်း-၃)
**၀၉:၃၅** Japanese Singles Chart (3)
**၁၀:၀၅** မြန်မာ့ရုပ်ရှင်(ပြန်မည်) **'နှိုင်းဟလာနှင်းဆီ'**

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တားရည်မြေမှ ရိုးရာအလှ(အပိုင်း-၁)
**ချင်း (ဖလမ်း) (၀၇:၀၀ မှ ၀၈:၀၀)**
တစ်နိုင်တစ်ပိုင် ရိုးရာငါးပိပြုလုပ်ပုံ
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သာတူကျို
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
တည်းသီးဆီးကောင်းကျိုးဆိုးကျိုး
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၀)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ပျော်ရွှင်စရာ 'ဝ' ရိုးရာစကားထမင်းဝိုင်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားဘာသာစကားပြောကြရအောင်
**စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရေသုံ့ဖို့ရှု
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သီးချိုးသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၀၅** လှုပ်လှုပ်ရှားရှားအားကစား
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၇:၄၅** နေ့စဉ်ထန်းသစ်သီးပွဲခဝတ်(Razor)
**၁၈:၁၅** ကမ္ဘာတစ်ခွင်မြည်းစမ်းချင်
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၉:၁၅** Bird's Eye View
**၁၉:၄၅** Fastivals Around The World
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အသံ
**၀၉:၃၀** တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး(Repeat)
**၁၀:၀၀** လွှတ်တော်ရေးရာအကြာကြာ(Repeat)
**၂၀:၀၀** ပြည်တွင်းသတင်း(၂၅-၄-၂၀၂၆)

**MRTV FARMERS**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** မျိုးမှန်မှအရိုးတန် အကျိုးမှန်ရမည့် ၂၀၂၆ မျိုးစေ့ပြပွဲဆီ
**၀၇:၀၀** "ဝိုက်ပိုးမွေးမြူသူတဘက်" တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းတိုးမြှင့်တင်ပို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့
**၀၈:၀၀** ကျေးလက်ကွန်ရက်
**၀၉:၀၀** ရောဂါကင်းစင်ပြီးပျော်ရွှင် မွေးမြူရေးတောင်သူလုပ်ငန်းခွင်
**၁၀:၃၀** **မိုးတိမ်သို့နှယ်**(ဂျေဒီယိုဇာတ်လမ်း)

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel ကို နေ့စဉ် (နံနက် (၉:၀၀) နာရီမှ ထမင်းကြိမ်ချိန် (၄) နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# "ချစ်စရာ့အရွယ်ကစားကြမယ်" ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၂၄**

"ချစ်စရာ့အရွယ်ကစားကြမယ်" ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ဧပြီ ၂၅ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် MRTV–HD Channel မှ ရန်ကုန်မြို့ ရန်ကင်းမူလတန်းကြိုကျောင်းနှင့် မင်္ဂလာဒုံ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များပါဝင်ကစားကြပုံများကို ထုတ်လွှင့်ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။




ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် ဧပြီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV – HD Channel တွင် ဧပြီ ၂၇ ရက် တနင်္လာနေ့ ညနေ ၄ နာရီသတင်းအပြီးတွင် ထပ်မံပြသမည်ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်

**ရန်ကုန် ဧပြီ ၂၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ ရက်(၁၀၀)အတွင်း လုပ်ငန်းရှင် ၁၀၀ ပေါ်ပေါက်လာစေရေး စီမံချက်တွင်ပါဝင်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဦးစီးမှူးက အမှာစကားပြောကြားရာတွင်



ယခုဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ငွေတိုးစီမံကိန်း အခု ၂၀ ဆောင်ရွက်ရန်လျာထားလျက်ရှိကြောင်း၊ ယခင်၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ခဲ့သည့် လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာမှ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းထူထောင်သူများသည် လုပ်ငန်းအောင်မြင်မှုများ ရရှိနေပြီဖြစ်သောကြောင့် လုပ်ငန်းတိုးချဲ့နိုင်ရန် သမဝါယမအသင်းနှင့် ချိတ်ဆက်ကာ ချေးငွေထုတ်ချေးပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုသင်တန်း တက်ရောက်လာသူများအနေဖြင့်လည်း စိတ်ပါဝင်စားစွာဖြင့် မပျက်မကွက်ကြိုးစားတက်ရောက်ပေးစေလိုကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သော မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်း နည်းပညာသင်တန်းတွင် သင်တန်းသား ၁၅ ဦးအား မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာရပ်များကို ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ ဧပြီ ၂၄ ရက်မှ ဇွန် ၁၃ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ပြီး ထူးချွန်သင်တန်းသားငါးဦးအား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေး၍ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ အတွင်း လုပ်ငန်းထူထောင်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကျိုက်လတ် ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် မြို့မဈေးကြီးအတွင်း ယနေ့နံနက်ပိုင်းက မီးဘေးအန္တရာယ် ကင်းရှင်းရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်နိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးကြီးအတွင်း မီးလောင်မှု ဖြစ်စေတတ်သော လောင်စာဆီများနှင့် လောင်စာများသိုလှောင်ထားခြင်း မပြုရန်၊ ဈေးဆိုင်ခန်းများတွင် တပ်ဆင် အသုံးပြုလျက်ရှိသော လျှပ်စစ်ဝိုင်ယာကြိုးများ ကောင်းမွန်ခြင်း ရှိ/မရှိ အခါအားလျော်စွာ စစ်ဆေးအသုံးပြုရန် ဈေးသူဈေးသား ပြည်သူများအား ဆွေးနွေးပြောကြားပြီး မီးဘေးလုံခြုံရေး ဆောင်ရွက်ထားမှုများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**





မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တဘက်ဆွဲကျေးရွာရှိ မားမားခေါက်ဆွဲစက်ရုံအား ဧပြီ ၂၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်နှင့်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

**မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်–

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊
(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊
(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မိုင်းရှူးမြို့နယ်၌ ၂၀၂၆ ခုနှစ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မိုင်းရှူး မေ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ ၂၀၂၆ ခုနှစ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က မြို့မအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဗိုလ်လုပွဲတွင် ရှမ်းချယ်ရီ FC အသင်းနှင့် 90 FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းချယ်ရီ FC အသင်းက 90 FC အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။



ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ 90 FC အသင်းက ဒုတိယဆုရရှိပြီး တစ်ဦးချင်း ငွေဆွဲပြားဆုနှင့် ငွေသားဆု၊ ရှမ်းချယ်ရီ FC အသင်းက ပထမဆု ရရှိပြီး တစ်ဦးချင်းရွှေဆွဲပြားဆု၊ နောက်တန်း၊ အရှေ့တန်း၊ အလယ်တန်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ပထမဆု တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုတို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အဆိုပါဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနော်ခမ်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝါသနာရှင် မိဘပြည်သူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိုင်းဆတ်မြို့၌ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်ပြပွဲ ကျင်းပ

မိုင်းဆတ် မေ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက လူကုန်ကူးမှုအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက အသိပညာပေး နံရံကပ်စာစောင်ပြပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူကုန်ကူးမှုအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်ကို ပြသရာ တက်ရောက်လာသော ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

ညောင်ဦး မေ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းလုပ်ငန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းကော်မတီဝင်များ ဖွဲ့စည်းခြင်းကို ယမန်နေ့က ရှင်မိန်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ညောင်ဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်က နိုင်ငံတော်အစိုးရသစ်၏ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရက်(၁၀၀)စီမံချက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတွင် လိုက်နာရမည့် မူဘောင်များနှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံကိန်းလုပ်ငန်းကော်မတီဝင် ရွေးချယ်ရာတွင် 



လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ၊ ကျေးရွာသူ ကျေးရွာသားများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာသူ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ပခုက္ကူမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်

ပခုက္ကူ မေ ၂၄

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး 



စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာမ အသွင်ဆန်း(ပခုက္ကူ)က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ အောင်ဝင်း(မျိုးချစ်သူ ရေစကြို)က အနာဂတ်နိုင်ငံတော်အကြောင်း ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသည့် မြို့နယ်စာရေးဆရာအသင်းဝင် ဆရာ ဆရာမများ၊ စာပေဝါသနာရှင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တွဲဖက်ဝန်ထမ်းများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မယ်ခွေ

## တောင်တွင်းကြီးမြို့၌ အပူလှိုင်းသတိပေးချက်များ လိုက်နာဆောင်ရွက်ရေး နှိုးဆော်

တောင်တွင်းကြီး မေ ၂၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောမောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်လူစည်ကားရာနေရာများနှင့် ရပ်ကွက်များအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ အပူလှိုင်းနှင့် ပတ်သက်သည့် သတိပေးချက်များ၊ လိုက်နာရမည့်အချက်များကို အသံချဲ့စက်ဖြင့် တိုက်တွန်းနှိုးဆော်ရာတွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း နေရောင်ခြည်အောက်သို့ တိုက်ရိုက်သွားလာခြင်းမှ ရှောင်ကြဉ်ရန်၊ ခန္ဓာကိုယ်အတွင်း ရေဓာတ်မခန်းခြောက်စေရန် ရေနှင့် ဓာတ်ဆားရည်များကို သောက်သုံးရန်၊ အပြင်ထွက်ပါက ထီး၊ ဦးထုပ်များ ဆောင်းသွားရန်နှင့် အပူဒဏ်ခံနိုင်သော အဝတ်အထည်များဝတ်ဆင်ရန်၊ အပူဒဏ်ကြောင့် မူးဝေခြင်း၊ ပျို့အန်ခြင်းနှင့် ကြွက်တက်ခြင်းများ ဖြစ်ပေါ်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန် စသည်တို့ကို တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း သိရသည်။

ဦးမျိုး(ဗိသနိုးမြေ)



## ဝန်းသိုမြို့၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ဝန်းသို မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက မြို့မဈေး၌ ဖြန့်ဝေသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကောလင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မိုးခက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဆန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင့်လွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများက အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အပူဒဏ်ကာကွယ်နိုင်ရေးရှောင်ကြဉ်ရန် အချက်များ၊ သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက လိုက်နာဆောင်ရွက်ရမည့်အချက်များ စသည့်အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အချက်များပါဝင်သည့် လက်ကမ်းစာစောင်များကို ဈေးသွားဈေးလာ ပြည်သူများအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန် /ဆက်)



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၆ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့် နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်



ညောင်ဦး မေ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် မြင်းကပါကျေးရွာ၌ ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက မြင်းကပါကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစေရန်အတွက် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ အသုံးပြု၍ ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း၊ 2 KW ဆိုလာတပ်ဆင်ခြင်းနှင့် အကျယ်အဝန်း (၅၆ ပေx ၆ ပေ) ခြံစည်းရိုးကာရံခြင်း စသည့် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီအောင်နှင့် အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ချမ်းမြသာစည်မြို့နယ်၌ စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအား ကြိုဆိုဂုဏ်ပြု

မန္တလေး မေ ၂၄

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်၍ ပြန်လည်ရောက်ရှိခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁/၂၀၂၄) ပြည်သူ့စစ်မှုထမ်းများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် ရပ်မိရပ်ဖများက ကြိုဆိုဂုဏ်ပြုပွဲကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အောင်ပင်လယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁/၂၀၂၄)တွင် မိမိတို့ဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးပြီး စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ခဲ့သူများအား ရပ်ကွက်နေပြည်သူများက အောင်သပြေခက်၊ အဆို၊ အကတို့ဖြင့် ဂုဏ်ပြုကြိုဆိုခဲ့သည်။

အလင်းသစ်(ချမ်း/စည်)



## ဆီဆိုင်မြို့၌ လေဘေးအန္တရာယ် အသိပညာပေး ဆွေးနွေးပွဲပြုလုပ်

ဆီဆိုင် မေ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့၌ လေဘေးအန္တရာယ်အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စုမြတ်လင်းနှင့် ဝန်ထမ်းတစ်ဦးတို့က လေပြင်းဘေးကြိုတင်ပြင်ဆင်ရန် အချက်များ၊ လေပြင်းတိုက်ခတ်စဉ် သတိပြုရန်အချက်များနှင့် လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန်အချက်များကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေသွေးဂျာနယ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၂၅–၄–၂၀၂၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၈)၊ အမှတ် (၁၇) တွင် မြန်မာ့သိုင်းပညာကို အသုံးပြု၍ ပစ္စည်းလုယက်သူတို့ကို ဖမ်းဆီးပေးနိုင်ခဲ့သည့် ရွှေပိုး အကြောင်းကို သရုပ်ဖော်ထားသည့် "ရွှေပိုးနှင့် ကိုယ်ခံပညာ" မျက်နှာဖုံးကာတွန်း၊ ဆာဟာရသဲကန္တာရအကြောင်း ဗဟုသုတစုံလင်စွာ ရေးသားထားသည့် "ကမ္ဘာ့အကြီးဆုံး ဆာဟာရသဲကန္တာရ" သုတဆောင်းပါးကဏ္ဍ၊ ငလျင်လှုပ်နေစဉ် လိုက်နာရန်အချက်များကို ဖော်ပြထားသည့် "ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်" ကဏ္ဍ၊ မမပန်ပန်၏ ဆိုဆုံးမမှုကြောင့် စာကြည့်တိုက်သို့ စာဖတ်ရန်သွားမည့် မြဂျိုးတို့ အကြောင်း သရုပ်ဖော်ထားသည့် "မြဂျိုးနဲ့ ပန်ပန်" နှစ်မျက်နှာကာတွန်း၊ လူကြီးမိဘများ၏ စကားကို ဆုံးအောင် နားမထောင်မိသည့်အတွက် ဒုက္ခနှင့် ကြုံတွေ့ခဲ့ရသည့် မောင်အောင်အကြောင်း ရေးသားထားသည့် "သက်ကြီးစကား" ဝတ္ထုကဏ္ဍ၊ ကလေးတို့စိတ်ကြိုက် အရောင်လေးများ ခြယ်သနိုင်မည့် "ဆေးရောင်လှလှ ခြယ်ကြရအောင်" ကဏ္ဍ၊ ထူးထူး၏ ဘောလုံးလေ့ကျင့်မှုကြောင့် ပြတင်းပေါက်မှန်ကွဲသွားသဖြင့် ဘောလုံးချန်ပီယံမှ အပြေးချန်ပီယံ ဖြစ်သွားရသည့်အကြောင်း သရုပ်ဖော်ထားသည့် "ထူးထူးပါဝင်သော အပြေးချန်ပီယံ" တစ်မျက်နှာကာတွန်း၊ သူရင်းငှားအလုပ်ကို ရိုးရိုးသားသားဖြင့် ကြိုးစားလုပ်ကိုင်သော ညီငယ်လေးကြောင့် အစ်ကို နှစ်ယောက်နှင့် ပြန်လည်ဆုံဆည်းခွင့်ရပုံကို ရေးသားထားသည့် "ညီအစ်ကို သုံးယောက်နှင့် ဝါသနာ" ပုံပြင်ကဏ္ဍ၊ အင်္ဂလိပ်စာအနေဖြင့် Phrasal Verb နှင့် Idioms များကို လေ့လာနိုင်မည့် "အခြေခံလိုအပ်သည့် အီဒီယမ်" အင်္ဂလိပ်စာကဏ္ဍ၊ သူငယ်ချင်းများ၏ စေတနာကို စော်ကားမိသည့်အတွက် ဘေးအန္တရာယ် ကျရောက်တော့မည့် ကျောင်းသူလေး ပိုပိုမ အကြောင်း သရုပ်ဖော်ထားသည့် "ပိုပိုမ ပါဝင်သော ရွှေလက်စွပ်" နှစ်မျက်နှာကာတွန်း၊ တစ်စောင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

သတင်းစဉ်

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်–

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊
(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊
(င) တောမီးလောင်ကျွမ်းမှု တွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၁ နှင့် ၅)**
**ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးတော်၌**
**၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ်-၁၅**

ဦးကျော်ရဲနိုင် နှင့် ဒေါ်ဘေဘီ
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုစိတ္တာလမ်း၊ အမှတ် (၁၄/ဘီ)နေ တရားပြိုင်ဒေါ်ဘေဘီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးကျော်ရဲနိုင်က မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ရှေ့နေနှင့် ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် အထက်ကအမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲဟန်ဇော်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၁နှင့်၅ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀၂**

ဒေါ်မချုသင်း နှင့် ဦးထွန်းလှ
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ရွှေသီရိလမ်း၊ အမှတ်-၁၁ နေ တရားပြိုင် ဦးထွန်းလှ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက"ပဋိညာဉ်အတိုင်းအိမ်နှင့်မြေမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ(၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထား စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၁၇၇၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်ခင်ဆွေဝင်း(ဘ)ဦးတင်ထွန်း ၉/လဝန(နိုင်)၁၉၅၆၈၈အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်မင်းမင်းထွေး(ဘ) ဦးငွေမောင်း ၉/မဟမ(နိုင်)၀၀၈၉၀၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၁၀) Grade(7) မှ မောင်အောင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ၈/ခမန(နိုင်)၁၃၄၆၅၃ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်**
**၈/ခမန(နိုင်)၁၃၄၆၅၃**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ခရိုင်ပညာရေးမှူးရုံးမှ ခရိုင်ပညာရေးမှူးတာဝန် ထမ်းဆောင်နေသော ဦးကျော်ဝင်း ၁၃/ကမန(နိုင်)၀၀၄၆၆၂ ၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာ အထက်တန်းစာမေးပွဲ အောင်လက်မှတ် အထောက်အထားအရ (၂၂-၆-၁၉၆၅) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၇ ဒီ၊ လူနေရပ်ကွက်အမှတ် - နံ့သာကုန်း၊ မြေကွက်အမှတ် - ၅/က ပေါ်ရှိ (အမှတ် - ၁၀ ၊ ရှမ်းကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟု ခေါ်တွင်သော) အကျယ်အဝန်း (၀.၂၂၀) ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ငွေငွေဦး (၁၂/ဗဟန(နိုင်)၀၇၁၀၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာ ပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက ပိုင်ရေးဆိုင်ခွင့်လွှဲပြောင်းတို့ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင် (စဥ်-၂၅၁၆၅)** **ဦးအေးမင်းသူ (စဥ်-၂၆၁၉၉)**
**အထက်တန်းရှေ့နေများ**
**အမှတ် - ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၅၁၄၅၇၆၇ ၊ ၀၉-၄၂၀၀၂၈၃၆၆**

## ဒေါ်နန်းပေါင်းဟွမ်(ခ)ဒေါ်မြင့်မိုရ်ကြာရံ (ဘ) ဦးစိုင်းထွေး [၁၃/သနန(နိုင်)၀၃၁၄၂၆]နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်စင်ထူး(ခ)ဦးသန့်ဇင်ထူး(ဘ)ဦးမောင်ဦး [၉/ပမန(နိုင်)၂၅၄၇၈၆]သည် ဒေါ်နန်းပေါင်းဟွမ်(ခ)ဒေါ်မြင့်မိုရ်ကြာရံ [၁၃/သနန(နိုင်)၀၃၁၄၂၆]နှင့် (၂၀၁၉)ခုနှစ်က တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြပါသည်။ ဦးသန့်စင်ထူးသည် အိမ်ထောင်ရေးသက်တမ်းတစ်လျှောက် ဇနီးဖြစ်သူအပေါ် လင့်ဝတ္တရားများနှင့်အညီ အဘက်ဘက်မှတာဝန်ကျေပွန်စွာ ပေါင်းသင်း ခဲ့သော်လည်း ဇနီးဖြစ်သူ ဒေါ်နန်းပေါင်းဟွမ်သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ခင်ပွန်းဖြစ်သူအပေါ် ပေါင်းသင်းဆက်သွယ်ခြင်း အလျဥ်းမရှိဘဲ အကြောင်းမဲ့ စွန့်ပစ်ခွဲခွာခဲ့သည်မှာ ယခုအခါ (၂) နှစ်ကျော်ကာလသို့ ပြည့်လွန်ခဲ့ပြီ ဖြစ်ပါသည်။ ထို့အပြင် ကျွန်ုပ်၏မိတ်ဆွေဘက်မှ ပြန်လည်ပေါင်းသင်းရန် အကြိမ်ကြိမ် ကြိုးစား အမျိုးမျိုးဆက်သွယ်ခဲ့သော်လည်း ၎င်းဘက်မှ အဆက်အသွယ်များ ဖြတ်တောက်ကာ လျစ်လျူရှုစွန့်ပစ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဦးသန့်စင်ထူးသည် ဇနီးဖြစ်သူ၏စွန့်ပစ်မှုကို "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ"နှင့်အညီ အပြည့်အဝ လက်ခံယူလိုက်ပြီဖြစ်ကြောင်း၊ ယနေ့အချိန်မှစ၍ ဦးသန့်စင်ထူးသည် ဒေါ်နန်းပေါင်းဟွမ်(ခ)ဒေါ်မြင့်မိုရ်ကြာရံ၏ခင်ပွန်း မဟုတ်တော့ပါကြောင်း၊ လွတ်လပ်သူတစ်ဦးအဖြစ်ခံယူကာ ၎င်းနှင့် လင်ခန်းမယားခန်း ပြတ်စဲပါကြောင်း၊ ဒေါ်နန်းပေါင်းဟွမ်နှင့်ပတ်သက်သော မည်သည့်အကြောင်းကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူ၊ တာဝန်ခံဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသန့်စင်ထူး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဗိုလ်ငြိမ်းတိုး[LL.B] အထက်တန်းရှေ့နေ (စဥ်-၅၃၇၇၉)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း - ၀၉-၉၇၆၄၆၆၈၈၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၆**

ဦးဇေယျာထွန်း နှင့် ဒေါ်ခင်ညိုညို
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဃ)ရပ်ကွက်၊ ၁၁၅(A)x၁၁၆ လမ်းကြား၊ ၅၉(E) လမ်း၊ (သ-၁၄)၊ အိမ်အမှတ်(၅၄)နေ ဒေါ်ခင်ညိုညို(ဘ) ဦးဘကြွယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇေယျာထွန်းက မန္တလေးမြို့ ၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (သ-၁၄)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ(၀.၀၂၇၅) အကျယ်အဝန်းရှိ ဒေါ်ခင်ညိုညို အမည်ပေါက်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ညောင်သုံးပင်မြောက်၊ အမှုထမ်းလမ်းသွယ်၊ အမှတ် - ၂၈၊ ဦးပိုင်အမှတ် - ၂၆/၆၊ အကျယ်အဝန်း - ၀.၁၈၈ ဧက၏တစ်ဝက် (၀.၀၉၄ ဧက) ခန့်ရှိ (ခြေရင်းခြမ်း) ခြံမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးအောင်ကျော်ဖြိုး (၁၂/သကတ(နိုင်)၁၅၉၀၂၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မြမြသန်း (၁၂/မဂတ(နိုင်)၀၆၈၄၀၄) က ၂၀၂၆ ဧပြီလ (၂၂) ရက်တွင် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုလွှဲပြောင်းဝယ် ယူပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါမြေကို ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူကသာ ပိုင်ဆိုင်လျက်ရှိသူ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင်** **ဦးအေးမင်းသူ**
**စဥ်-၂၅၁၆၅** **စဥ်-၂၆၁၉၉**
**အထက်တန်းရှေ့နေများ**
**အမှတ် - ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ၇/၈ ပြည်တော်သာတိုက်နေ ကျွန်တော် ဦးသက်ဝေ ၇/ကကန(နိုင်)၀၃၂၈၂၆၏ သားဖြစ်သူ မောင်ကြည်သာသည် ဖခင်ဖြစ်သူ ကျွန်တော် ဦးသက်ဝေအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့် ပတ်သက်သော မည်သည့် ကိစ္စကိုမဆို (လုံးဝ) လုံးဝ တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဖခင်ဖြစ်သူ- ဦးသက်ဝေ**
**၇/ ကကန(နိုင်)၀၃၂၈၂၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသ္သာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ မြေတိုင်းအမှတ်(၁၄)၊ မြေကွက်အမှတ် (၃၇၅)၊ မြေဧရိယာ (၀.၁၁၀)ဧက အကျယ်အဝန်းရှိ (ဦးအောင်သန်း(ကွယ်လွန်)၏ဇနီး) ဒေါ်ခင်စော အမည်ဖြင့် နှစ်(၃၀) မြေငှား ဂရန်ရရှိထားသော ခြံမြေကွက်ကြီးအတွင်းမှ ခြံမြေကွက်ကြီး၏ မြောက်ဘက် အခြမ်း ပေ(၄၀x၆၀) အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်ရှိ သီးပင်စားပင်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူအဆိုပြုသူ ဦးကျင်စိုးထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းဝေရည်စိုး(ဘ) ဦးမောင်စိုး ၅/ မကန(နိုင်)၀၇၃၃၄၃ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ် ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာဘုန်းမောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)**
**အမှတ် (၄၃၃)၊ မော်ကန် (၁၉) လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၂၈ ၁၂၃ ၉၄၄၊ ၀၉-၄၄၉၀၀၃၅၄၅**

## အမည်မှန်

ပဲခူးမြို့နယ်၊ ကျောက်တန်းစံပြကျေးရွာနေ (ဘ)ဦးကျော်လှိုင်၏ သမီး မူလွန်-အေးရွာကျောင်းမှ ဒုလယ်ပြဆရာမ ဒေါ်ခင်ရည် ၇/ပခန(နိုင်) ၂၂၅၆၀၁ ၏ အမည်မှန်မှာ ဒေါ်ခင်ရီ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ရီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/69206 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သိန်းဦး ၇/တငန(နိုင်)၁၀၈၅၇၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

